# "နှလုံးသားများပြောင်းလဲပေးသောတက္ကသိုလ်"

ဧပြီလ ၄ ရက်၊ ရေးသားသူ-မာလမ်ဘီတာတာစီ(ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ)

ယခု ဒုတိယသုံးလပတ်တွင်အသင်းတော်သာသနာအတွက် အသုံးပြုမည့်အလှူငွေများသည် ကွန်ဂိုနိုင်ငံ၏လုဘဲရှိမြို့ရှိလူကန်ကာသတ္တမနေ့ သူနာပြုတက္ကသိုလ်အတွက်ဖြစ်သည်။ ပညာသင်ကြားစဉ် အသက်တာများပြောင်းလဲခဲ့သော သူများ၏အကြောင်းကိုကျောင်းအုပ်ဒေါက်တာ မာလမ်ဘီတာတာစီကတင်ပြထားပါသည်။

## အသေအချာသိမ်းထားခြင်း

ကမ္ဘာသိဘာသာကြီးတစ်ခုမှအမျိုးသမီးငယ်တစ်ဦးသည်ဖခင်၏ထောက်ခံချက်ကြောင့်ထိုသူနာပြုတက္ကသိုလ်သို့ကျောင်းဝင်ခွင့်လျှောက်လွှာတင်ခဲ့သည်။

ဤလူကန်ကာ သူနာပြုတက္ကသိုလ်အား အဘယ်ကြောင့်ရွေးခဲ့ရသည်ကိုလည်းအဖေဖြစ်သူမှပြောပြခဲ့သည်။ ခရစ်ယာန်များထဲတွင် သတ္တမနေ့အသင်းတော်သည်မိမိ၏ယုံကြည်ချက်အပေါ်အလေးထားအသက်ရှင်သောကြောင့်ဖြစ်သည်။ သို့သော်"သတ္တမနေ့အသင်းတော်ကျောင်းကိုပို့လိုက်တယ်ဆိုတာသတ္တမနေ့အသင်းသားဖြစ်ဖို့မဟုတ်ဘူးနော်" လို့ဖခင်မှ ပြောခဲ့ပါသည်။

သတ္တမနေ့အသင်းတော်တက္ကသိုလ်သို့တုန်လှုပ်သောစိတ်နှင့်ကျောင်းတက်ရန်အမျိုးသမီးငယ်သည်ရောက်လာခဲ့သည်။ ကျောင်းမှကျင်းပသောဝိညာဉ်နိုးကြားမှုတစ်ပတ်တာတရားပွဲမှတရားဟောချက်များသည်သူမ၏စိတ်ကိုပြောင်းလဲစေခဲ့ပါသည်။ ထိုကြောင့် ၂၀၂၄ ခုနှစ်တွင်နှစ်ခြင်းခံယူ၍ သတ္တမနေ့အသင်းသားဖြစ်လာခဲ့သော်လည်းသူမ၏ ဖခင်ကိုအသိမပေးခဲ့ပါ။

"သူမနှစ်ခြင်းခံယူခြင်းကိုမိသားစုအားအသိမပေးခဲ့ပါ။ ကောင်းစွာလျှို့ဝှက်ထား၍ဖခင်မသိရန်ထိုလျှို့ဝှက်ချက်ကိုထိန်းသိမ်းခဲ့ပါသည်။ သူမဆုတောင်းတောင်း၍အဖြေရှာလျက်ရှိသည်" ဟုဒေါက်တာမာလမ်ဘီမှ ပြောခဲ့ပါသည်။

**မိခင်လောင်း**

ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် သတ္တမနေ့အသင်းတော် သူနာပြုတက္က သိုလ်နှင့်တွဲလျက်ဖွင့်ထားသောခုတင် ၅၂ ခုရှိသော ဆေးခန်းသို့စစ်ဆေးမှုခံယူရန် ရောက်ရှိလာသည်။ သူမသည် အမွှာကိုယ်ဝန်ဆောင်ထားကြောင်း သိရသည်။သူမအံ့ သြခဲ့ရသည်။ခင်ပွန်းသည်ထားခဲ့သောသူမသည်ကလေးတစ်ဦးကိုပင်မစောင့်ရှောက် နိုင်ချိန်ဖြစ်သော်လည်း အမွှာကိုယ်ဝန်ဆောင်ထားရသည်။

ဆေးခန်းတွင်လူနာများ၊ဆေးခန်းဝန်ထမ်းများနှင့်အခြားပတ်ဝန်းကျင်ရှိလူ များကိုနံနက်ယံဝတ်သတင်းစကားပြောကြားပါသည်။ သူနာပြုတက္ကသိုလ်မှကျောင်း သားများကနံနက်ယံဝတ်ကို တစ်ဦးချင်းစီအလိုက်ဦးဆောင်၍ ထိုနောက် နံနက်စာ ကျွေးမွေးခဲ့ပါသည်။ ထိုမိခင်လောင်းသည် နံနက်ယံဝတ်ပြုခြင်းအစီအစဉ်ကိုနှစ် သက်သည်။ထိုဆေးခန်းတွင်နှစ်ပတ်တရားပွဲပြုလုပ်ရန်ကျောင်းသားများမှပြင်ဆင် ၍ထိုတရားပွဲကျင်းပစဉ်အတွင်း ညစဉ်သူမ တက်ရောက်ခဲ့သည်။ဘုရားသခင်၏နှုတ် ကပတ်တော်သည်သူမ၏စိတ်နှလုံးကိုပြောင်းလဲစေ၍ သူမနှစ်ခြင်းခံယူခဲ့သည်။

သူမအမွှာကလေးနှစ်ဦးကိုဖွားမြင်ခဲ့သည်။ ထိုသတင်းကိုကြားချိန်၌အမွှာက လေးများ၏ဖခင်မှလာ၍ကြည့်သောအခါသူ၏ဇနီးသည် သူထွက်သွားချိန်ကနှင့်မတူ ခြားနားလျက်ရှိသည်။ အရင်အချိန်က အရက်သေစာသောက်စား၍ ဘုရားတရားမရှိ သောဇနီးသည်မှာ ယခုတွင်ဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ချစ်၍ မူးယစ်သောက်စား ခြင်းကင်းလျက်ရှိသည်။

“ကျွန်တော့်ဇနီးသည်ရဲ့အသက်တာ အလွန်ပြောင်းလဲသွားခြင်းကြောင့်ကျွန် တော်လည်းဆရာတို့ရဲ့သွန်သင်ခြင်းခံယူလိုပါတယ်” လို့ ခင်ပွန်းသည်မှဒေါက်တာမာ လမ်ဘီအားပြောကြားခဲ့သည်။ယခုတွင်ထိုဇနီးမောင်နှံနှင့်ခုနှစ်လသားအမွှာကလေးနှ စ်ဦးသည်သတ္တမနေ့အသင်းတော်တွင်မိသားစုအတူတကွဝတ်ပြုကိုးကွယ်ခြင်း၌ပါ ဝင်လျက်ရှိကြသည်။ထိုခင်ပွန်းသည်စိတ်နှလုံးပြောင်းလဲ၍ အသက်တာကိုဘုရားသ

ခင်၍ဆက်ကပ်အပ်နှံရန်ဒေါက်တာမာလမ်ဘီနှင့်အဖွဲ့သားများမှဆုတောင်းပေးလျက်ရှိသည်။

**<u>ပြုစားခံရသောကျောင်းသား</u>**

အသင်းအုပ်ဆရာဖြစ်ချင်သောဆန္ဒနှင့်ဘာသာရေးနှင့်ဆိုင်သောအကြောင်းအရာများကိုလေ့လာလိုသောကြောင့် ကျောင်းသို့ရောက်လာသောလူငယ်လေးတစ်ဦးရှိသည်။ သတ္တမနေ့အသင်းတော်နှင့် အထက်တန်းကျောင်းသားဘ၀၌ပင် ဆက်သွယ်ခဲ့သော်လည်း မိဘများ၏တားမြစ်ခြင်းခံရသည်။ မိဘများက သူ့အားဆေးဆရာဖြစ်စေလို၍သူ၏ကျောင်းစရိတ်အတွက် ကိုယ်တိုင်ရှာဖွေခဲ့ရသည်။

တက္ကသိုလ်၌ အစောင့်အလုပ်ကိုလုပ်ကိုင်၍ ၂နှစ်ခန့်ကျောင်းစရိတ်အတွက်လုပ်ကိုင်ခဲ့သည်။ ကျောင်းစရိတ်စုမိ၍ပညာစသင်ချိန်၌အဖျားရောဂါခံစားခဲ့ရသည်။ ထိုနောက်ဘယ်အရာကိုမှသူမမှတ်မိတော့ပေ။ဘယ်အရပ်သို့သွားမည်ကိုမသိ၍ကျောင်းဝင်းထဲ၌ယောင်ချာချာဖြစ်နေသည်။စာလေ့လာသင်ကြားရာ၌စိတ်ပျက်ခြင်းများနှင့်ရင်ဆိုင်ကြုံတွေ့လာရသည်။

သူ၏မိသားစုမှပြုစားခံရသည်ဟုကြေငြာ၍“တရားဟောဆရာမဖြစ်ဘဲဆေးဆရာဖြစ်ရန်အတွက်အခုလိုခံစားရတာ” ဟု ဆက်လက်ပြောဆိုကြပါသည်။

တက္ကသိုလ်ဆေးခန်းမှဆရာဝန်ကြီး၏စမ်းသပ်ချက်အရဘာရောဂါမှမရှိ၍ဆေးဝါးနှင့်ကုသရန်မလိုပါ။ “ဒါပြစားခံရတာ” “ဘာသာရေးဌာနကကျောင်းဆရာ/ကျောင်းသားများအားလုံးသူ့အတွက်ဆုတောင်းပေးကြပါ” ဟု ပြောပါသည်။

သူ၏ဘာသာရေးဌာနမှဆရာနှင့် ကျောင်းသူ၊ကျောင်းသား ၂၇ ဦးတို့သည်ကြာသပတေးနေ့ ၌ ဆုတောင်းရာအချိန်ကိုသတ်မှတ်၍ ဝိုင်းဝန်းဆုတောင်းပေးခဲ့ကြပါသည်။

ထိုကျောင်းသားသည်သက်သာ၍ပုံမှန်စိတ်ပြန်ရရှိလာသည်။ယနေ့တွင်ကျောင်းမှဘာသာရေးဘွဲ့ကိုရရှိပြီးအသင်းအုပ်အနေနှင့်ဆက်ကပ်ရန်စောင့်လျက်ရှိ

သည်။"ဒီလူငယ်လေးဟာစကားပြောရည်မွန်ပြီး၊ပါးနပ်မှုရှိတဲ့အတွက်အသင်းတော် အတွက်အမှုတော်ဆောင်ကောင်းတစ်ဦးဖြစ်လာနိုင်တယ်လို့ကျွန်တော်ယုံကြည်ပါ တယ်" လို့ ဒေါက်တာမာလမ်ဘီက ထောက်ခံစကားပြောခဲ့ ပါသည်။

ဒီသုံးလပတ်တွင်လူကန်ကာသတ္တမနေ့အသင်းတော်တက္ကသိုလ်၏ လိုအပ်မှု များအတွက်ကူညီ၍ ခရစ်တော်ထံ စိတ်ဝိညာဉ်များစွာရောက်ရှိစေရန်ဆောင်ရွက် ချက်၌ပါဝင်ရန်ဖိတ်ခေါ်လိုပါသည်။သူနာပြုသင်တန်းသားများအတွက်တက္ကသိုလ်၏ ဆေးခန်းပိုင်းဓါတ်ခွဲခန်းကို အသုံးပြုလျက်ရှိပါသည်။ ယခုသုံးလပတ် အလှူငွေသည် ထိုသင်တန်းသားများအတွက် ပိုပြီးသော ဓါတ်ခွဲခန်းတည်ဆောက်ရန်ဖြစ်ပါသည်။

သူနာပြုများ၊မိခင်နှင့်ကလေးဓါတ်ခွဲခန်းများအရေးတကြီးလိုအပ်မှုများအ တွက်လှူဒါန်းသောသင်၏အလှူငွေအတွက် ကျေးဇူးတင်ပါသည်။

-၀-

## "နှစ်ခါဝယ်မိတဲ့မြေကြီး"

ဧပြီလ ၁၁ ရက်။ ရေးသားသူ-အင်ဒရူးမက်ချက်(စ)နေ၊ကွန်ဂိုသမ္မတနိုင်ငံ။

အာဖရိကမှာရှိတဲ့သတ္တမနေ့အသင်းတော်ရဲ့တက္ကသိုလ်အတွက် ခက်ခဲတဲ့နေ့ တစ်နေ့ပါ။ ၂၀၀၁ ခုနှစ်၊မတ်လ ၁၈ ရက်နေ့တွင်တိုက်ခိုက်သူများသည်ကွန်ဂိုဒီမိုက ရက်တစ်သမ္မတနိုင်ငံ၊ လူဘဲရိုးနိုင်ငံရှိ လူကန်ကာသတ္တမနေ့အသင်းတော်၏ တက္က သိုလ်ခြံဝင်းအတွင်းသို့ဝင်ရောက်လာကြသည်။ကျူးကျော်သူများသည်မိုင်မိုင်ဟုခေါ် သောအဖွဲ့သားများဖြစ်သည်။ ထိုသူများသည်ပြည်သူ့စစ်မှုထမ်းများ၊ကျေးရွာလူကြီး များနှင့်မျိုးနွယ်စုမှခေါင်းဆောင်ကိုပင်ဖမ်းဆီးတတ်ကြသည်။

မိုင်မိုင်နာမည်သည် ဆွာဟီလီဘာသာစကားမာဂျီကို အစွဲပြု၍ခေါ်ခြင်းဖြစ် သည်။မာဂျီ၏အဓိပ္ပယ်မှာရေဟုခေါ်ဆိုသည်။ထိုအဖွဲ့သည်ကျည်ဆံမှလွတ်မြောက် ရန်ရေနှင့်ဖုံးကွယ်ထားသည်ဟုမိမိကိုယ်ကို အမှန်းတင်လေ့ရှိသည်။

မိုင်မိုင်တိုက်ခိုက်သူများသည်လူကန်ကာသတ္တမနေ့တက္ကသိုလ်မှဆရာ၊ဆရာမများနှင့်ကျောင်းသားများကိုတိုက်ခိုက်၍ကျောင်းသားသုံးဦးကိုဖမ်းဆီးသွားသည်။ ညာရှုစူစန်တောင်ကုန်းထက်ရှိပင်မအဖွဲ့ရှိရာသို့ ခေါ်ဆောင်သွား၍ကျောင်းသားများကိုစစ်ကြောမေးမြန်းခြင်းများပြုကာ တက္ကသိုလ်ဆောက်ထားသော မြေနေရာသည် တရားမဝင်နေထိုင်၍လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုချက်မရှိသောနေရာဟုအခိုင်အမာပြောဆိုသည်။

ထိုသတ္တမနေ့အသင်းတော်တက္ကသိုလ်သည်ဆယ်စုနှစ်တစ်ခုထက်မနည်းမိမိကိုယ်ပိုင်မြေပေါ်တွင်ကျောင်းသားများစွာအတွက်ကျောင်းစာသင်ပေး၍၁၉၉၉ ခုနှစ်တွင်တက္ကသိုလ်တည်ထောင်ခဲ့သည်။၁၉၆၅ ခုနှစ်မှစ၍ပညာရေးအတွက်ကျောင်းစတင်တည်ထောင်ခဲ့သည်မှာ၃၆ နှစ်ပင်ရှိခဲ့ပါသည်။ထိုကျောင်းသားများကိုစစ်ကြောစဉ်တွင်မိုင်မိုင်အဖွဲ့ဝင်တစ်ဦးမှအလွန်နီးကပ်သောနေရာမှကျောင်းသားများကိုသေနတ်နှင့်ပစ်လိုက်ချိန်တွင် အချင်းချင်းတိုက်ခိုက်၍ဖရိုဖရဲဖြစ်သွားသည်။ ထိုသို့ ရှုပ်ထွေးသောအခြေအနေ၌ကောင်းကင်ပွင့်လင်း၍မိုးရွာသွန်းချလိုက်သည်။

ထိုသို့မိုးရွာသွန်းမှုကြောင့်ပစ်ခတ်မှုများမှထိရောက်ခြင်းမရှိတော့၍မိုင်မိုင်အဖွဲ့များမှာ တကွဲတပြားစီထွက်ခွာသွားခဲ့ကြသည်။ ကျောင်းသားသုံးဦးမှ အသက်ချမ်းသာရခဲ့သည်။ယုံကြည်သူသား၊သမီးများကထိုမိုးရွာသွန်းခြင်းသည်ဘုရားသခင်ပြင်ဆင်ပေးခြင်းဖြစ်သည်ဟုယုံကြည်ကြသည်။

ထိုအဖြစ်အပျက်သည်မပြီးဆုံးသေးပါ။ မတ်လ ၁၈ ရက်တွင်ဖြစ်ပွားခဲ့သောအဖြစ်အပျက်၏နောက်ဆက်တွဲအကျိုးဆက်သည်အရင်လယ်သမားများကမိမိလယ်မြေပေါ်၌သတ္တမနေ့အသင်းတော်တက္ကသိုလ်တည်ဆောက်ထားခြင်းကိုလျော်ကြေးရလိုကြောင်း တောင်းဆိုလာကြသည်။ တောင်းဆိုသံများ ကျယ်လောင်လာမှုကြောင့်အခြေအနေကိုထိန်းသိမ်းရန်ဆုံးဖြတ်လိုက်သည်။ တောင်ကုန်းသို့ခေါ်ဆောင်ခြင်းခံရသောအဖြစ်အပျက်နောက်၂လအကြာတွင် ထိုလယ်သမားမိသားစုများကိုတ

ရားဝင်ငွေကြေးပေး၍လယ်များကိုဒုတိယအကြိမ်ဝယ်ယူလိုက်ရန်ဆုံးဖြတ်ချက်ချလိုက်ပါသည်။

ထိုသဘောတူချက်သည်ငြိမ်းချမ်းခြင်းကိုဖြစ်စေ၍ပိုင်ဆိုင်ထားသောမြေနေရာအတွက်နှစ်ခါငွေကြေးပေးဆောင်ခဲ့ရသည်။ ဆိုလိုရင်းမှာထိုမြေနေရာကိုနှစ်ကြိမ်ပိုင်ဆိုင်ခဲ့သည်။

၁ကောဖ်း၂၀ တွင်ဖော်ပြထားသည့်အတိုင်း“သင်တို့သည်အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့်ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့” ဟုဆိုရာ၌လူသားများကိုဘုရားသခင်သည်ဖန်ဆင်းရာ၌တစ်ကြိမ်၊ရွေးနှုတ်ရာ၌တစ်ကြိမ်၊နှစ်ကြိမ်ပိုင်ဆိုင်ခဲ့ပါသည်။

ယခုသုံးလပတ်အလှူငွေများသည်လူကန်ကာသတ္တမနေ့မြော်လင့်ခြင်းအသင်းတော်၏သူနာပြုသင်တန်းသားများ၊သားဖွားသင်တန်းသားများ၊ကလေးအထူးကုများ၊ဓါတ်ခွဲခန်းနည်းပညာများနှင့်ရောဂါရှာဖွေနိုင်ရန်သံလိုက်ဓါတ်မှန်၊သွေးစစ်ဌာနစသောအရာများအတွက်ယခုလက်ရှိအသုံးပြုလျက်ရှိသောဓါတ်ခွဲခန်းအသေးလေးထက်ဌာနငါးခုသုံးနိုင်သောဓါတ်ခွဲခန်းအကြီးရရှိရန်အသုံးပြုမည်ဖြစ်သောကြောင့်ရက်ရောစွာလှူဒါန်းပေးပါရန်တောင်းဆိုအပ်ပါသည်။

-ဝ-

## “**ဖြူစင်သောသမ္မာတရားကိုရှာဖွေခြင်း”**

ဧပြီလ ၁၈ ရက်၊ ရေးသားသူ-ဆာဖီ၊ကွန်ဂိုသမ္မတနိုင်ငံ။

ဆွာဟီလီဘာသာ၌ ဆာဖီသည် ဖြူစင်သည်ဟုအဓိပ္ပာယ်ရသည်။ သူမ၏နာမည်ကဲ့သို့ပင်ဖြူစင်သောအတွေး၊ဖြူစင်သောစကားလုံး၊ဖြူစင်စွာလုပ်ဆောင်မှုများ

ကိုသာရွေးချယ်သည်။ အထူးသဖြင့် သန့်ရှင်းဖြူစင်သော တေးသီချင်းများကိုသီဆိုသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ မြို့တော်ကန်ရှာဆာ၌ရှိသော ဘုရားကျောင်းများ၌ ဘုရားဂုဏ်တော်ချီးမွမ်းသီဆို၍ဓမ္မသီချင်းဆိုခြင်း၌ ပျော်မွေ့သောသူဖြစ်သည်။

သို့သော်အချို့အရာများသည်မှန်ကန်ခြင်းမရှိပါ။ အချို့ဆူညံစွာအော်ဟစ်သီဆို၍အသံကုန်မြှင့်တင်ကာဆုတောင်းခြင်းမျိုးပြုသောသူများ၏အမူအကျင့်များကိုသူမလေ့လာသောအခါစိတ်သက်သောင့်သက်သာမရှိသလိုခံစားရသည်။တစ်ခုခုမှားယွင်းနေသည်ဟုခံစားရသည်။ထိုသို့ဝတ်ပြုကိုးကွယ်သောဘုရားကျောင်းများတွင်သန့်ရှင်းခြင်းမရှိသလို ဆာဖီ ခံစားရသည်။

သူမ၏အိမ်တွင်ဘုရားသခင်အားဆုတောင်းရာ၌သန့်ရှင်းဖြူစင်သောသမ္မာတရားနှင့်ပြည့်ဝသောဘုရားသခင်၏အသင်းတော်ကိုတွေ့နိုင်ရန်လမ်းပြပို့ဆောင်ရန်တောင်းလျှောက်ခဲ့ပါသည်။ ထိုနောက်အခြားဘုရားကျောင်းများစွာသို့သွားရောက်ခဲ့သော်လည်းသူမ ကျေနပ်ခြင်းရသောဘုရားကျောင်းမျိုးမတွေ့ရှိခဲ့ပါ။

နောက်ဆုံးတွင်မည်သည့်ဘုရားကျောင်းကိုမျှ သူမ မသွားပဲအိမ်၌သာဘုရားသခင်ကိုသမ္မာတရားနှင့်ပြည့်ဝသောမှန်ကန်သောဘုရားကျောင်းကိုညွှန်ပြရန်ဆာဖီဆုတောင်းခဲ့သည်။ ဘုရားကျောင်းသို့သွားမည့်အစားအိမ်၌သာနေ၍ယူကျူ့မှတရားဟောချက်များကိုသာ နားထောင်ခဲ့သည်။ တစ်နေ့တွင် ကျန်ကြွင်းသောအသင်းတော်အကြောင်းဟောပြောသောတရားတစ်ပုဒ်ကိုဆာဖီတွေ့ခဲ့ရသည်။ တရားဟောဆရာကသတ္တမနေ့အသင်းတော်သည်ကျန်ကြွင်းသောအသင်းတော်ဖြစ်၍ ဘုရားသခင်၏နှုတ်တော်ထွက်စကားအတိုင်းပြည့်ဝစွာစောင့်ထိန်းသောတစ်ခုတည်းသောအသင်းတော်ဖြစ်ကြောင်းပြောကြားချက်ကို သူမ ကြားခဲ့ရသည်။

"ဒီအသင်းတော်ကိုငါဘယ်လိုရှာရမလဲ" ဟုစိတ်ဝင်စားစွာမိမိကိုယ်ကိုဆာဖီမေးမိသည်။ ဖေ့စ်ဘွတ်ကိုဖွင့်၍ "သတ္တမနေ့အသင်းတော်" ဟူသောနာမည်ကို ရှာကြည့် သည်။ထူးဆန်းသောပုံကိုတွေ့ရသည်။အသင်းသားတစ်ဦးနှင့်ဆက်သွယ်၍ထိုသူမှအသင်းတော်၏လိပ်စာကိုမေး၍ဥပုသ်နေ့တွင်ဘုရားကျောင်းသို့လာရန်ဖိတ်ခေါ်ခဲ့သည်။

ဆာဖီသည် ဘုရားကျောင်းသို့သွားခဲ့သည်။ ထိုအသင်းတော်၏ အသင်းသားများဆုတောင်းခြင်းများ၊ဒေသနာတော်ဟောပြောခြင်းများကိုသူမမြင်တွေ့သောအခါ သူမ နှစ်သက်မိသည်။အသံမြှင့်၍အော်ဟစ်ခြင်းများမပြု၊အစီအစဉ်တိုင်းသည်စနစ်တကျရှိငြိမ်သက်ခြင်းကိုခံစားရသည်။ ဤနေရာမျိုးသည်သူမလာလိုသောနေရာဖြစ်သည်ဟု ဆာဖီ ခံစားမိသည်။

ဆယ်ကျော်သက်အရွယ်နှင့်ကလေးငယ်များအတွက်ဥပုသ်စာဖြေကျောင်းများရှိခြင်းကို ဆာဖီ သဘောကျလျက်ရှိသည်။သူမ၏သမီးသုံးဦးအတွက်သင့်တော်သောအသင်းတော်တွေ့ရှိပြီဟု စိတ်တွင်ခံစားမိသည်။

သူမ၏ရှစ်နှစ်၊ကိုးနှစ်နှင့်ဆယ်နှစ်အရွယ်သမီးသုံးဦးအတွက် အစီအစဉ်ကျသောအသင်းတော်ကို ဆာဖီ ရှာတွေ့ခဲ့သည်။ အသင်းသားတစ်ဦးမှ ဆာဖီကိုသူမနေထိုင်ရာနေရာနှင့်ပိုနီးသောနေရာ၌ သတ္တမနေ့အသင်းတော်ရှိကြောင်း ပြောပြ၍လိပ်စာပေးလိုက်သည်။

နောက်တစ်ပတ်ဥပုသ်နေ့၌ထိုနီးသောဘုရားကျောင်းသို့ဆာဖီသွား၍တက်သောအခါ ၃၅ ရက်ကြာသာသနာပြုသင်တန်းရှိကြောင်းသိရသည်။အသင်းတော်မှပြုလုပ်သောသင်တန်းတိုင်းကိုဆာဖီတက်ရောက်၍ သူမအတွက်ဦးတည်ပြုလုပ်ပေးသည်ဟုခံစားမိသည်။ သတင်းစကားများကိုနားထောင်လျက်နေစဉ် "ငါဒီနေရာကိုအစောကြီးကတည်းကရောက်ခဲ့ရမှာ" လို့တွေးမိပါသည်။

ထိုသင်တန်းပြီးဆုံးချိန်၌ ဆာဖီသည်နှစ်ခြင်းခံယူ၍ သတ္တမနေ့အသင်းတော်နှင့်ဆက်သွယ်ခဲ့ပါသည်။ ဖေ့စ်ဘွတ်မှသိ၍ပထမဆုံးဆက်သွယ်ခဲ့သောအသင်းသားမှာအလွန်ဝမ်းမြောက်ခဲ့ရသည်။

ယနေ့တွင် ဆာဖီသည်စင်ကြယ်စွာတွေးခေါ်ပြောဆိုလုပ်ဆောင်ရန်အခွင့်ရရှိခဲ့ပြီးဖြစ်သည်။ ဓမ္မသီချင်းသီဆိုရာတွင်သန့်ရှင်းသွာသီဆိုနိုင်သည်။ထိုသို့သီဆိုခြင်းများကိုသတ္တမနေ့အသင်းတော်ဘုရားကျောင်း၌ဥပုသ်နေ့တိုင်းတွင် ဆာဖီ သီဆိုနိုင်ခဲ့ပါသည်။

မီဒီယာအားဖြင့်ဆာဖီသည်သတ္တမနေ့အသင်းတော်ကိုတွေ့ရှိခဲ့၍သန့်ရှင်းမှန်ကန်သောအသင်းတော်သို့ရောက်ရှိခဲ့ခြင်းကြောင့် "ကျမဘုရားသခင်ကိုကျေးဇူးတင်ပါတယ်" ပြောကြားခဲ့ပါသည်။

ယခုသုံးလပတ်အလှူငွေကို ဆာဖီ နေထိုင်ရာကန်ရှာဆာမြို့၌တည်ဆောက်မည့်မီဒီယာအဆောက်အဦးအတွက်အသုံးပြုမည်။ ထိုအဆောက်အဦးတွင်ဟုတ်ချာနယ်၊မြော်လင့်ခြင်းရေဒီယို၊မီဒီယာအခြေပြုသာသနာလုပ်ငန်းများနှင့်ပြင်သစ်ဘာသာစကားသင်ကြားရေးလုပ်ငန်းများကိုအသံလွှင့်ခြင်းအားဖြင့်ထုတ်လွှင့်သွားနိုင်ရန်ဖြစ်သောကြောင့်အလှူငွေများပါဝင်လှူဒါန်းရန်တိုက်တွန်းလိုပါသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြင်သစ်ဘာသာစကားနှင့် စစ်မှန်သော ဘုရားသခင်၏အသင်းတော်အကြောင်းသင်ကြားပေးလျက်ရှိပါသည်။

-၀-

## "ကြောက်စရာကောင်းသောတိရိစ္ဆာန်"

ဧပြီလ ၂၅ ရက်၊ ရေးသားသူ-ဒိုက်ယူဒွန်နီ၊ကွန်ဂိုသမ္မတနိုင်ငံ

ဒိုက်ယူဒွန်နီသည် ကွန်ဂိုနိုင်ငံမှ စိတ်အားထက်သန်သောဘုရားတရားရှိသူဦးဖြစ်သည်။ သူသည်တက္ကသိုလ်များတွင် တရားဟောကာ အသင်းသားအသစ်များကို

အသင်းတော်သို့ခေါ်ဆောင်ပေးသူဖြစ်သည်။ သူသည် သူ၏အလုပ်ကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်၍နှစ်ပေါင်းများစွာကောင်းကောင်းမွန်မွန်လုပ်ဆောင်နိုင်ခဲ့သည်။

ဒွန်နီ ၆၈ နှစ်အရွယ်ရောက်သောအခါသူ၏အိမ်တံခါးတွင်သတ္တမနေ့အသင်းတော်မှလက်ကမ်းကြော်ငြာတစ်ခုချိတ်ဆွဲထားမှုကိုလက်ခံရရှိခဲ့သည်။တရားပွဲတက်ရောက်ရန်ဖိတ်စာတစ်စောင်ဖြစ်သည်။ ဒွန်နီနှင့်ဇနီးဖြစ်သူမှ ညနေအိမ်တံခါးဖွင့်ချိန်တွင်ကြီးမားသောအလံနှင့် ရုပ်ဆိုးလွန်းသောသားရဲပုံကို ထိုကြော်ငြာတွင်တွေ့လိုက်ရပါသည်။

"ဝိုး၊ ဒါဘာလဲ" လို့ ဒွန်နီအာမေဋိတ်သံထွက်သွားပါသည်။ဇနီးသည်ကတော့ကြောက်၍ထိုတရားပွဲသို့သွားရန်ငြင်းဆိုပါသည်။ "ဒီအကောင်တွေက ကြောက်စရာကောင်းလိုက်တာ၊ဒါကဘာအသင်းတော်လဲ၊ဒီလိုအသင်းတော်ကိုတစ်ခါမှမမြင်ဘူး၊ သူတို့က ဇဝံဂေလိသတင်းစကားပြောတာရော ဟုတ်ရဲ့လား၊ ကျမတို့လှည့်စားခံရမယ်" လို့ဇနီးဖြစ်သူကပြောလိုက်ပါတယ်။

ဇနီးသည်ကတော့ထိုတရားပွဲသို့မသွားရန်ဆုံးဖြတ်လိုက်ပါသည်။ ဒွန်နီသည် ထိုသားရဲရုပ်ပုံကားချပ်များကို မကြောက်သောကြောင့် တရားပွဲသို့သွားရန်ပြင်ဆင်လိုက်သည်။ ဇနီးသည်ကတော့လိုက်ရန်ငြင်းဆန်လိုက်သည်။

တရားပွဲစတင်ချိန်မှစ၍ဒွန်နီကောင်းစွာနားထောင်ပါသည်။ထိုသားရဲရုပ်ပုံများသည်သမ္မာကျမ်းစာထဲမှဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းများကိုကိုးကား၍တင်ပြသောသင်ခန်းစာများဖြစ်ကြောင်းသူမှတ်သားမိသည်။ ဒွန်နီနှစ်ပေါင်းများစွာကျမ်းစာသင်ပေးခဲ့သော်လည်း ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းကို ယခုကဲ့သို့နားလည်ခြင်းမရှိခဲ့ပါ။

နောက်တစ်ညတွင်ဆက်၍တရားပွဲကိုတက်ရောက်ခဲ့ပြီး၊ညစဉ်ပုံမှန်တက်ရောက်၍ သူ၏အသက်တာ၌ တစ်ခါမျှမသင်ကြားခဲ့သောအရာများကိုသင်ယူလျက်ရှိပါသည်။ တရားဟောဆရာမှလုကာ ၂၄း၁ ကိုဖတ်ပြသောအခါ၌ ဘုရားသခင်၏ဖွင့်

ပြတော်မူခြင်းကို ဒွန်နီ ခံစားရ၍ ကောင်းမွန်စွာနားလည်ခဲ့သောအရာတစ်ခုမှာ "ခုနှစ်ရက်တွင်ပဋ္ဌမနေ့ရက်အာရုဏ်တက်သောအချိန်၌"၊ဆက်၍ခရစ်တော်၏သင်္ချိုင်းဂူသို့အမျိုးသမီးများသွားရောက်သောအကြောင်းကို ထိုသို့အစပြုဖော်ပြသော ကျမ်းပိုဒ်ဖြစ်သည်။

ဒိုက်ယူဒွန်နီသည် ရက်သတ္တပတ်၏ပထမနေ့မှာတနင်္လာနေ့ဟုသာအသက်တာတလျှောက်လုံးထင်မှတ်ခဲ့သည်။ ထို့ကြောင့်သူသည်ထွက်မြောက်ရာကျမ်း၂၀း၈-၁၀"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါထိုနေ့ရက်ကိုအောက်မေ့လော့။ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ ဖြစ်သည်ဟုမိန့်တော်မူ၏" ဟုဆိုထားသောပညတ်ကိုစောင့်ထိန်းလျက်ရှိသည်ဟု မိမိကိုယ်ကိုထင်မှတ်မှားခဲ့ကြောင်းသိလိုက်ရသည်။

ယခုတွင် သမ္မာကျမ်းစာထဲမှပြောသောရက်သတ္တပတ်၏ပထမနေ့သည်တနင်္ဂနွေနေ့ ဖြစ်၍တနင်္လာနေ့မဟုတ်ကြောင်းပထမဆုံး ဒွန်နီသိခဲ့ရသည်။ ထိုနေ့မှစ၍စနေ့တွင်ဥပုသ်နေ့စတင်၍စောင့်ခဲ့သည်။

တရားဟောဆရာမှနှစ်ခြင်းခံယူလိုသောသူများကိုခေါ်သောအခါ ဒွန်နီ နှစ်ခါစဉ်းစားနေစရာမလိုခဲ့ပါ။ နှစ်ခြင်းတစ်ကြိမ်ခံယူခဲ့သော်လည်း "သမ္မာတရားအတွင်းသို့နှစ်ခြင်းခံယူ၍ဝင်ရောက်နိုင်ရန်အခွင့်အရေး"ဟုခံယူ၍ရှေ့သို့ထွက်လာခဲ့သည်။

ညစဉ်လေ့လာသိရှိခဲ့သမျှအားလုံးကို ဇနီးသည်အားဝေမျှခဲ့သည်။ စနေနေ့သည်ဥပုသ်နေ့ ဖြစ်သည်ကိုသူမလက်ခံ၍နှစ်ခြင်းခံရန်သဘောတူခဲ့သည်။ ဒိုက်ယူဒွန်နီသည် သူ၏ယုံကြည်ခြင်းအသစ်ကို အခြားမိသားစုဝင်များနှင့်မြေးများကို ပြောပြသောအခါ ထိုသူများလည်းလက်ခံယုံကြည်၍နှစ်ခြင်းခံယူကြသည်။

ယခုတွင်ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဒိုက်ယူဒွန်နီသည် သူ၏ယခင်အသင်းတော်အတွက်ဘုရားသခင်ဘက်၌စိတ်အားကြီးစွာဟောပြောသက်သေခံရမည့်အစား၊ယခုအသင်းတော်၏ကူညီမှုနှင့် မြို့တွင်းလူသွားလမ်းနံဘေး၌ရွက်ဖျင်

တဲထိုးကာလမ်းသွားလမ်းလာလူများအားကျမ်းစာသင်ပေးလျှက်ရှိသည်။ ဒွန်နီသည် သူ၏အသင်းတော်အသစ်သို့လာရန်လူများကိုဖိတ်ခေါ်လျက်ရှိသည်။ လအနည်းငယ် အတွင်း၌သူ၏ပြင်ပလှုပ်ရှားမှုအားဖြင့်လူပေါင်း၂၀ ဦးကိုအသင်းတော်နှင့်ဆက်သွယ် ပေးနိုင်ခဲ့သည်။

"ပတ်ဝန်းကျင်သို့ထွက်၍လူအများနှင့်ကျမ်းစာအတူလေ့လာရတာကျွန် တော့်အတွက်အပျော်ရွှင်ဆုံးအလုပ်ပါ" လို့ ဒွန်နီပြောခဲ့သည်။

လွန်ခဲ့သောအချိန်မှာသုံးလပတ်အလှူငွေအားဖြင့်သင်တို့ကူညီလှူဒါန်းမှုများ သည်ကန်ဆာရှာမြို့တွင် သတ္တမနေ့အသင်းတော်၏ ဆေးခန်းတစ်ခု ဖွင့်လှစ်နိုင်ခဲ့ပါ သည်။ ကျေးဇူးတင်ပါသည်။ ယခုတွင်လည်းကန်ဆာရှာမြို့တွင်မီဒီယာအဆောက်အ ဦးတွင်မြော်လင့်ခြင်းချန်နယ်၊မြော်လင့်ခြင်းအသံရေဒီယို၊လူမှုကွန်ယက်နှင့်ပြင်သစ် ဘာသာစကားသင်ရန်ခန်းမဆောက်လုပ်ရန်အသုံးပြုသွားမည်ဖြစ်သောကြောင့်ဒွန်နီ နေထိုင်ရာ ကန်ဆာရှာမြို့ရှိသတ္တမနေ့အသင်းတော်အတွက်ရက်ရောစွာပါဝင်လှူဒါန်း ပေးပါရန်တင်ပြအပ်ပါသည်။

-o-

## "ပြောင်းလဲသောအလုပ်သင်"

မေလ ၂ ရက်၊ ရေးသားသူ-ဂျူလီယာ၊ကွန်ဂိုသမ္မနိုင်ငံ

ဂျူလီယာမကငြင်းဆိုနိုင်သောအခွင့်အရေးတစ်ခုဖြစ်ပါသည်။ ဂျာနယ်လစ် သူငယ်ချင်းတစ်ဦးထံမှသတ္တမနေ့အသင်းတော်၏မြော်လင့်ခြင်းအသံရေဒီယိုဌာနမှ အလုပ်သင်အလိုရှိကြောင်းသတင်းကို ဂျူလီယာကြားသိခဲ့ရသည်။

"နင်စိတ်ဝင်စားရင် လျှောက်လွှာလက်ခံနေတယ်နော်" လို့ သူငယ်ချင်းက ပြောလိုက်ပါတယ်။ ကွန်ဂိုနိုင်ငံတွင်စတင်မည့်မြော်လင့်ခြင်းချန်နယ်ညွှန်ကြားရေးမှူး ဖြစ်သူသူငယ်ချင်းက သူမအားကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကန်ရှာဆာမြို့၌ မြော်လင့်ခြင်းချန်နယ်နှင့်မြော်လင့်ခြင်းအသံရေဒီယိုအသံသွင်းရာအခန်းကိုမျှ၍သုံးခဲ့ရသည်။ ဂျာနယ်လစ်နှင့်ဆိုင်သောမဟာဘွဲ့ကိုလွန်ခဲ့သောနှစ်တွင် ဂျူလီယာသည်ပြီးဆုံးသွားသောကြောင့် ယခုရရှိသော အခွင့်အရေးကိုဆုပ်ကိုင်နိုင်ရန်ဆုံးဖြတ်လိုက်သည်။

လူတွေ့စစ်ဆေးပြီး၍နည်းပညာကျွမ်းကျင်သူများနှင့် ၉လ အလုပ်သင်လုပ်ကိုင်ရန်အခွင့်ရခဲ့သည်။ အစီအစဉ်များကို မှတ်တမ်းတင်ရသကဲ့သို့ ရေဒီယိုအသံဖမ်းခြင်းများကိုလည်းသွားရောက်ကူညီခဲ့ရသည်။

မြော်လင့်ခြင်းအသံရေဒီယိုအစီအစဉ်များသည်ဂျူလီယာကိုအံ့အားသင့်စေသည်။ သူမသည် သတ္တမနေ့အသင်းသူတစ်ယောက်မဟုတ်ပါ။ သတ္တမနေ့အသင်းတော်အကြောင်းကိုသာအနည်းငယ်ကြားဘူးသည်။

မြော်လင့်ခြင်းအသံရေဒီယိုအစီအစဉ်များသည်ဂျူလီယာကိုအံ့အားသင့်စေသည်။ သူမသည် သတ္တမနေ့အသင်းသူတစ်ယောက် မဟုတ်ပါ။ သတ္တမနေ့အသင်းတော်အကြောင်းကိုသာအနည်းငယ်ကြားဘူးသည်။

မြော်လင့်ခြင်းအသံရေဒီယိုလေလှိုင်းအစီအစဉ်သည်အသင်းအုပ်ဆရာ၏ဆုတောင်းခြင်းအားဖြင့်ပုံမှန်အစပြုခဲ့သည်။အခြားသူများအတွက်အသင်းအုပ်ဆရာဆုတောင်းပေးမှုကို ဂျူလီယာ စိတ်လှုပ်ရှားမိသည်။ အထူးသဖြင့် သူမအတွက်ဆုတောင်းပေးသောအခါပို၍စိတ်လှုပ်ရှားမိသည်။ သူမကြားဘူးသောဆုတောင်းသံနှင့်မတူပါ။ သူမတက်သောအသင်းတော်၌ အော်၍ ဆုတောင်းကြသည်။ ယခုဆရာက "ဆုတောင်းတယ်ဆိုတာအော်စရာမလိုပါဘူး။ သူငယ်ချင်းကိုစကားပြောသလိုပြောလို့ရပါတယ်" လို့ဂျူလီယာကို ပြောပြပါတယ်။

ရေဒီယိုဌာန၏တရားဟောချက်များနှင့်ဓမ္မသီချင်းများကိုဂျူလီယာသဘောကျလျက်ရှိသည်။ နံနက်ပိုင်းအစီအစဉ်တစ်ခုဖြစ်သော "တန်ဖိုးရှိသောအမျိုးသမီးများ" အကြောင်းကိုအစီအစဉ်တင်ဆက်သူထံ ဂျူလီယာမေးကြည့်ပါသည်။ ထိုအစီ

အစဉ်တွင်အစီအစဉ်တင်ဆက်သူနှင့်အမျိုးသမီးသာသနာဌာန၏ညွှန်ကြားရေးမှူးဆရာမကြီးတို့က အမျိုးသမီးတစ်ဦး၏အသက်တာ သွင်ပြင်လက္ခဏာ၊ ထိမ်းမြားလက်ထပ်ခြင်းနှင့် ဝတ်စားဆင်ယင်ပုံများတွင် သမ္မာကျမ်းစာနှင့်လျော်ညီ၍ သစ္စာရှိစွာနေထိုင်အသက်ရှင်ခြင်းနှင့်ဆိုင်သောအကြောင်းအရာများကိုတွေ့ဆုံမေးမြန်းခန်းရိုက်ကူးလျက်ရှိသည်။

အလုပ်သင်ကာလပြီးဆုံးချိန်တွင်ဂျူလီယာသည်နှစ်ခြင်းခံယူခဲ့ပြီး သတ္တမနေ့အသင်းသူတစ်ဦးဖြစ်လာခဲ့သည်။သူမ၏သူငယ်ချင်းဖြစ်သူမြော်လင့်ခြင်းချန်နယ်၏ညွှန်ကြားရေးမှူးသည် ဂျူလီယာနှစ်ခြင်းခံကြောင်းကြားရသောအခါ စိတ်လှုပ်ရှားခဲ့ပါသည်။ "နင်ဟာငါ့သူငယ်ချင်းဖြစ်ခဲ့တယ်။ အခုတော့နင်ဟာငါရဲ့ညီမဖြစ်သွားပြီ" လို့ ပြောလိုက်ပါတယ်။

ဂျူလီယာ အရမ်းပျော်ရွှင်မိပါသည်။ ရေဒီယို အစီအစဉ်များသည်သူမ၏အသက်တာကိုပြောင်းလဲစေခဲ့သည်။ ရေဒီယိုလေလှိုင်းသံသည်ဘုရားသခင်၏သတင်းကောင်းဖြန့်ဝေရာ၌ ထိရောက်သောနည်းလမ်းဖြစ်ကြောင်း ဂျူလီယာသတိပြုမိသည်။ "ငါဒီမှာအလုပ်လုပ်ပြီး သတင်းကောင်းဝေငှခြင်းကိုကူညီမယ်" လို့ ဂျူလီယာတွေးလိုက်ပါတယ်။

လအနည်းငယ်တွင်ဂျာနယ်လစ်တစ်ယောက်အဖြစ် မဟာဘွဲ့ရယူကာ သင်တန်းဆင်းကျောင်းသူတစ်ဦးဖြစ်ခဲ့ပါသည်။ မြော်လင့်ခြင်းအသံရေဒီယိုအစီအစဉ်၏ညွှန်ကြားရေးမှူးအဖြစ်အလုပ်ခေါ်ယူခြင်းခံရပါသည်။ ဂျူလီယာ အံ့သြသွားပါသည်။ စိတ်လှုပ်ရှားစွာဖြင့် ဘုရားသခင်ထံ ဉာဏ်ပညာပေးရန် တောင်းလျှောက်မိသည်။ "ကိုယ်တော်ပေးထားသော အစွမ်းများကိုစုစည်း၍ လူများကို ကိုယ်တော့်ထံသို့ပို့ဆောင်နိုင်သောအစီအစဉ်များဆောင်ရွက်နိုင်ရန် ကူညီမစရန်" ဘုရားသခင်ထံဆုတောင်းလိုက်ပါသည်။

ရေဒီယိုအစီအစဉ်၌တရားဟောချက်နှင့်ဓမ္မသီချင်းများအပြင်ခရစ်ယာန်ပညာအကြောင်း၊ မိသားစုအသက်တာ ကွန်ဂိုနိုင်ငံ၏ လူ့ပတ်ဝန်းကျင်၏စိန်ခေါ်မှုများနှင့်တွေ့ကြုံရတတ်သောလူနေမှုအတွေ့အကြုံအကြောင်းများကိုလည်း ထည့်သွင်းတင်ဆက်လျက်ရှိသည်။

ရေဒီယိုနားဆင်သူများသည် အစီအစဉ်များကိုနားဆင်ရသောအခါ ကောင်းကြီးခံစားရသကဲ့သို့ဖြစ်ကြောင်းကြားသိရသောအခါ ဂျူလီယာ၏နှလုံးသားရွှင်လန်းရပါသည်။ "ဒီတုန့်ပြန်ချက်တွေဟာကောင်းသောလုပ်ငန်းကိုကျမလက်ခံခဲ့တယ်ဆိုတာကိုအမြဲအမှတ်ရစေပါတယ်။ ကျမ ရှေ့ဆက်လုပ်ဆောင်နိုင်ရန် အားဆေးဖြစ်ပါတယ်" လို့သူမ ထပ်လောင်းပြောကြားခဲ့သည်။

ကန်ရှာဆာမြို့ရှိရေဒီယိုအသံသွင်းခန်းနှင့်မြော်လင့်ခြင်းချန်နယ်အခန်းသည် သေးငယ်သောအခန်းများဖြစ်ကြသည်။ ယခုသုံးလပတ်အလှူငွေအားဖြင့် ပို၍ကြီးသောအသံသွင်းခန်းရရှိရန် ဂျူလီယာမျှော်လင့်၍ အမှုတော်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ရန်ဖြစ်သည်။ သုံးလပတ်အလှူငွေများသည်မြော်လင့်ခြင်းအသံရေဒီယို၊မြော်လင့်ခြင်းချန်နယ်၊ လူမှုကွန်ယက်နှင့်သာသနာပြုလုပ်ငန်းများနှင့် ပြင်သစ်စကားသင်တန်းများသင်ကြားနိုင်ရန် အဆောက်အဦး တည်ဆောက်ရန် ဖြစ်သောကြောင့်ရက်ရောစွာပါဝင်လှူဒါန်းပေးရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

-o-

## "နားထိုင်းခြင်း၌ကောင်းကြီးခံစားရခြင်း"

မေလ ၉ ရက်၊ ရေးသားသူ-အိုဘီအဲဂို၊ ကင်ညာနိုင်ငံ

နားမကြားရသောကလေးများအတွက်နှင့်ကင်ညာနိုင်ငံရှိသတ္တမနေ့အသင်းတော်ကျောင်း၏ ကျောင်းအုပ်ရာထူးအတွက်အိုဘီအဲဂိုသည် လက်ရှိအလုပ်မှရပ်နားလိုက်ပါသည်။

နားမကြားသောကလေးသူငယ်များသည်ဘော်ဒါဆောင်၌နေ၍စာသင်ကြားရန်ခက်ခဲပါသည်။ ကင်ညာနိုင်ငံလူ့အဖွဲ့အစည်းအချို့နေရာများတွင်နားမကြားသူများကို မိသားစုအတွင်း၌ အပြစ်ရှိသူများကဲ့သို့ထင်မှတ်မှား၍ ရှုမြင်တတ်ကြသည်။ ကလေး၏မိခင် သို့တည်းမဟုတ် အဘိုးသည်အပြစ်ပြုမိ၍ ကလေး၌အပြစ်၏အကျိုးဆက်ကိုခံစားရသည်ဟုယူဆကြသည်။ အကြားအာရုံချို့ယွင်းခြင်းသည်မျိုးရိုးဗီဇကြောင့်သို့မဟုတ်မီးဖွားခြင်း၌ ပြဿနာရှိခြင်းကြောင့် သို့မဟုတ် ဖျားနာခြင်းကြောင့် အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည်ဟု ဒေသခံလူများကလက်မခံနိုင်ကြချေ။

နားမကြားခြင်းသည်အပြစ်၏ဒဏ်ဖြစ်သည်ဟုသာ ထင်မြင်ကြသည်။ ထိုသို့စွတ်စွဲမှုများကြောင့်မိဘအချို့သည် သားသမီးများကိုအိမ်၌ပင်ဝှက်ထားကြသည်။ အိုဘီအဲဂို၏ ဦးတည်ချက်မှာ နားမကြားခြင်းသည် အပြစ်၏ ဒဏ်ခံရခြင်းမဟုတ်ကြောင်းမိဘများကိုပညာပေးသင်ကြားပေးရန်ဖြစ်သည်။ သူ၏အသက်တာ၌လည်း ထိုပြဿနာနှင့်ပတ်သက်၍ အတွေ့အကြုံရရန် ထိုသို့ခံစားရခြင်းဖြစ်ကြောင်း သူယုံကြည်သည်။ သူငယ်စဉ်၌ပင်ဆေးကုသမှုခံယူစဉ်တွင် အကြားအာရုံဆုံးရှုံးခဲ့ရသည်။

အိုဘီအဲဂိုသည် သာမန်ကလေးကဲ့သို့ပင်မွေးကင်းစ၌နားကြားရပါသည်။ သူငယ်စဉ်တွင်ဖခင်ဆုံးသွား၍မျက်မမြင်မိခင်နှင့်ပင်သတ္တမနေ့ဘုရားကျောင်းသို့လမ်းလျှောက်သွားခဲ့ပါသည်။ ၁၃ နှစ်သားအရွယ်၌ငှက်ဖျားကြောင့်အဖျားဝေဒနာခံစားရပါသည်။ ဆေးရုံ၌ အရေးပေါ်ဆေးထိုး၍ ကုသမှုခံယူခဲ့ရသည်။ ထိုသို့ ဆေးထိုးပြီးနောက်နားတွင်ဆိုးရွားသောနာကျဉ်မှုခံစားရ၍ သွေးများပင်နားထဲမှထွက်ခဲ့သည်။ နောက်ထပ်ဆေးရုံတစ်ရုံသို့ပြောင်းရွှေ့ကုသမှုခံယူခဲ့ရသည်။ ဆရာဝန်မှပထမဆေးရုံ၏ထိုးဆေးကြောင့် အကြားအာရုံကို ထိခိုက်မှုရှိသည်ဟုပြောခဲ့သည်။ ထိုကြောင့်အိုဘီအဲဂိုသည် နားမကြားခြင်းဖြစ်သည်။

အိုဘီသည်ဆေးရုံ၌ကြာမြင့်စွာနေခဲ့ရသည်။အခြားသူများလည်းငှက်ဖျားရောဂါကြောင့်အိမ်မပြန်နိုင်ကြောင်း သူတွေ့ခဲ့ရသည်။ နောက်ဆုံး၌ အိုဘီသည်ပြန်

လည်ကျန်းမာလာ၍ အိမ်ပြန်ခွင့်ရခဲ့သည် ။အိမ်၌နေစဉ် အိုဘီသည်အကြားအာရုံစ တင်အားနည်းလာသည်။ အသံများကိုကောင်းစွာမကြားရသောအခါနားကြားကိရိ ယာအကူနှင့်နေခဲ့ရသည်။ အိုဘီအသက် ၁၄ နှစ်တွင်လုံးဝမကြားရတော့ပါချေ။

အိုဘီအဲဂိုသည် အားငယ်ခြင်းခံစားရသည်။ မွေးဖွားစဉ်ကအသံကြားရ၍ယ ခုလုံးဝမကြားရတော့ပါ။ ဘုရားသခင်သူ့အား ဒဏ်ခတ်သည်ဟုတွေးမိသည်။ မျှော် လင့်ချက်မဲ့စဉ်သမ္မာကျမ်းစာထဲတွင်မျှော်လင့်ချက်တွေ့ရှိခဲ့သည်။ ယေရမိ ၂၉း၁၁ တွင် "ငါသည်သင်တို့ကိုအကျိုးနည်းစေခြင်းငှါကြံစည်သောအကြံမဟုတ်ဘဲ သင်တို့ သည်မြော်လင့်သောအကျိုးကိုရမည်အကြောင်း၊ငြိမ်ဝပ်စေခြင်းငှါသာ၊သင်တို့အဘို့ ကြံစည်သောအကြံတို့ကိုငါသိ၏။"

ယနေ့တွင်သူ၏အကြားအာရုံဆုံးရှုံးမှုသည်သူ့အတွက်နှင့်အခြားသူများအ တွက်ကောင်းကြီးခံစားရစေရန်ဘုရားသခင်၏အကြံဖြစ်ကြောင်းသိရှိလာသည်။ အပြစ်ဒဏ်မဟုတ်ကြောင်း သိခဲ့ရသည်။ အိုဘီအဲဂို သည်ပညာဆုံးခန်းတိုင်အောင် သင်ကြားခဲ့၍ မာဝါတာ သတ္တမနေ့အသင်းတော်ကျောင်း၌ နားမကြားသောကလေး များကိုပညာသင်ကြားပေးသောကျောင်းဆရာအဖြစ်လုပ်ဆောင်လျက်ရှိသည်။ ထို နောက်ထိုကျောင်း၌ကျောင်းအုပ်ဖြစ်လာသည်။

ထိုကျောင်း၌အသက် ၄ နှစ်မှ ၁၈နှစ်အထိကျောင်းသား ၇၃ ယောက်ရှိသည်။ ထိုကလေးများသည်ပညာသင်ကြား၍ဘဝ၏အခြေခံတတ်မြောက်ရမည့်အရာများ ကိုလေ့လာသင်ကြားရသည်။ ကျမ်းစာဖတ်၍ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့တတ် ရန်လည်းသင်ကြားပေးခဲ့သည်။ သမ္မာကျမ်းစာထဲမှနားမကြားသူများကိုသခင်ခရစ် တော်သည်ကျိန်ဆဲခြင်းမပြု၊ပြန်လည်နိုးကြားနိုင်ရန်ကုသမှုပေးခဲ့ကြောင်းထိုကလေး များသိမြင်ခဲ့ရသည်။

အိုဘီအဲဂိုသည်ကလေးများကို သခင်ခရစ်တော်တဖန်ပြန်ကြွလာတော့မည် ဖြစ်ကြောင်းပြောပြပါသည်။ ထိုအချိန်၌နားများအားလုံးကြားနိုင်ရန်ဖွင့်ပေးမည်ဖြစ်

ကြောင်းပြောပြခဲ့သည်။ "မင်းတို့အားလုံးအမြဲနားထိုင်းနေမှာမဟုတ်ပါဘူး" "ငါတို့နားကြားရမည့်အချိန်ရှိလာပါဦးမယ်" လို့ အိုဘီ ဆက်၍ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်ကျောင်းစဖွင့်ချိန်မှစ၍ကလေးငယ် ၉၇ ယောက်တက်ရောက်ပညာသင်ကြားခဲ့၍ ၂၆ ယောက်နှစ်ခြင်းခံယူခဲ့ကြသည်။ အိုဘီအဲရိုးသည်အကြားအာရုံဆုံးရှုံးခဲ့ရသော်လည်း၊မာဝါတီသတ္တမနေ့အသင်းတော်ကျောင်း၏ကျောင်းအုပ်အနေဖြင့်နားမကြားသောကလေးငယ်များကိုဦးဆောင်ခွင့်ရသောကြောင့် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းခဲ့ပါသည်။

"ကျွန်တော်နားမကြားရခြင်းကဘုရားသခင်၏အစီအစဉ်ဖြစ်ပါတယ်။နားမကြားတဲ့ကလေးတွေအတွက်အမှုဆောင်ရန် ဘုရားပြင်ဆင်ပေးသော အမှုတော်ဖြစ်သည့်အတွက်ကိုယ်တော်ကိုကျေးဇူးတင်ပါတယ်" လို့ အိုဘီအဲရို ပြောခဲ့ပါသည်။

၂၀၂၃ ခုနှစ်၏သုံးလပတ်အလှူငွေအားဖြင့်ကင်ညာနိုင်ငံရှိမာဝါတီသတ္တမနေ့အသင်းတော်ကျောင်းအား အသစ်ပြန်လည်တည်ဆောက်၍ယောကျ်ားလေးဆောင်၊မိန်းကလေးဆောင်တည်ဆောက်ခြင်း၊မီးဖိုချောင်အသစ်၊ထမင်းစားရုံအသစ်တည်ဆောက်ပေးနိုင်ခဲ့သည်။ ယခင်အချိန်များ၌ကလေးများသည်ကွင်းပြင်လေဟာနယ်၌ထမင်းချက်၍ကွင်းပြင်၌ပင်ထမင်းစားခဲ့ရသည်။ နားမကြားသော ကလေးငယ်များအတွက်သင်၏ရက်ရောစွာပေးကမ်းမှုကို ကျေးဇူးတင်ပါသည်။ယခုသုံးလပတ်အလှူငွေသည်လည်းကင်ညာနိုင်ငံ မဲရီရှိ သတ္တမနေ့အသင်းတော်ကျောင်းအတွက်အသုံးပြုမည်ဖြစ်သည်။

-၀-

## "ဘုရားသခင်အတွက်အသက်ရှင်ခြင်း"

မေလ ၁၆ ရက်၊ ရေးသားသူ - မေရီ၊ကင်ညာနိုင်ငံ။

မေရီသည် အကြားအာရုံကို မွေးစကပင် ဆုံးရှုံးခဲ့ရသည်။ သူမ၏မိဘများသည်မေရီငယ်စဉ်ကပင်ဆုံးပါးသွားကြသည်။ ကြင်နာတတ်သောဦးလေးမှသူမကိုပြုစုစောင့်ရှောက်၍ကြီးပြင်းသည်အထိ ကြည့်ရှုပေးခဲ့သည်။

ထိုဦးလေးသည် မေရီအား ပညာတတ်ဖြစ်စေချင်သည်။ အများသူငှါကဲ့သို့ကျောင်းပို့သော်လည်းမေရီသည် ဆရာပြောသောစကားများကို နားမလည်ပါ။ ဘာကြောင့်ဖြစ်သည်ကိုလည်းမသိပါ။

နားမကြားသော ကလေးများအတွက် ကျောင်းကိုဦးလေးသည် အချိန်ကြာမြင့်စွာရှာဖွေခဲ့သည်။ ကျောင်းများကိုတွေ့ခဲ့သော်လည်းကျောင်းလခကောက်ခံပြန်သည်။ ပြောင်းဖူးစိုက်သမားတစ်ဦးဖြစ်သည့်အတွက်ကျောင်းလခပေးရန်မတတ်နိုင်ပါ။ သူ၏မိသားစုနှင့်တူမလေးမေရီအား ကျွေးမွေးရန်ပင် ရုန်းကန်ရသော အခြေအနေဖြစ်သည်။

စခန်းသွင်း၍တရားပွဲကျင်းပသောနေရာသို့မေရီအသက် ၇ နှစ်တွင်သူမ၏ဦးလေးနှင့်အတူသွားရောက်သောအခါအသင်းအုပ်ဆရာက သတ္တမနေ့အသင်းတော်၏ဘော်ဒါဆောင်နေ၍နားမကြားသောကလေးများ ပညာသင်ကြားနိုင်သောကျောင်းသို့တက်ရန်အကြံပေးခဲ့သည်။

ထိုအကြံကိုနှစ်သက်သော်လည်းဦးလေးအတွက်မှာမူအလှမ်းဝေးနေဆဲဖြစ်သည်။ ထိုကျောင်းသို့သွားရန်ဝေးလွန်း၍ကားလက်မှတ်ဖိုးပင်ဝယ်နိုင်လောက်သောပိုက်ဆံမရှိပါ။ မည်သို့ပင်ဖြစ်စေ တူမလေးအားစာသင်စေလိုခြင်းကြောင့်ပြောင်းဖူးများရောင်းချ၍ ရရှိသောငွေကြေးနှင့် ကားလက်မှတ်ဝယ်ကာ ကျောင်းသို့ခရီးနှင်ခဲ့ကြသည်။

ကျောင်းရောက်သောအခါကျောင်းအုပ်မှမေရီနှင့်ဦးလေးဖြစ်သူကိုကြိုဆို၍ကျောင်းလခနှင့် အခြားကုန်ကျစရိတ်အတွက် သောကမရောက်ရန် ပြောပြသည်။

ကျောင်းအုပ်သည်မေရီအားသူမနေရမည့်အခန်းကိုလိုက်လံပြသ၍အခြားမိန်းက လေးများနှင့်အတူကျောင်းနှစ်အတွင်းနေရမည့် နေရာလည်းဖြစ်သည်။

မေရီသည်ဦးလေးကိုနှုတ်ဆက်၍သူမဘဝအသစ်ကိုစတင်ရန် စိတ်နှလုံးပြင်ဆင်လိုက်ပါသည်။ နားမကြားသူများအချင်းချင်းသူငယ်ချင်းများဖြစ်လာရသည်ကို သူမနှစ်သက်သည်။ နေ့စဉ်ဝလင်စွာစားသောက်ခွင့်ရသည်ကိုနှစ်သက်သည်။ဘုရားသခင်၏အကြောင်းသင်ကြားခွင့်ရသည်ကိုပို၍နှစ်သက်မိသည်။ နံနက်တိုင်းစာသင်ချိန်မစမီတွင် ကျမ်းပိုဒ်တစ်ပိုဒ်ဖတ်ပြလေ့ရှိသည်။ "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူသည်ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကိုရစေခြင်းငှာဘုရားသခင်သည်မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏" ဟူသောကျမ်းပိုဒ်ကို မေရီမြတ်နိုးသည်။(ယော ၃း၁၆)။

သူမသင်ယူရသည့်အတိုင်းနေ့စဉ်ကျမ်းပိုဒ်တစ်ပိုဒ်ဖတ်ရန်အချိန်ယူ၍ဖတ်ခဲ့သည်။ "ဒီနေ့ ကျွန်မကျမ်းပိုဒ်ဖတ်ပါရစေ" ဟုမေရီပြောဆို၍ ဖတ်လိုက်သည်။ ကျောင်းတွင်စာသင်ချိန်များကုန်လွန်၍ ၂ နှစ်၊၃နှစ်ကြာသော် ဘုရားသခင်သည်သူမအပေါ်၌သစ္စာကြီးတော်မူကြောင်းသိမြင်လာသည်။

အသက်အရွယ်ကြီးလာသည်နှင့်အမျှဘုရားသခင်သည်သူမကိုပညာသင်နိုင်ခွင့်ပေး၍အနာဂတ်ရှိလာစေသည်ကို ပို၍နားလည်လာသည်။ ဘုရားရှင်အားမိမိ၏နှလုံးသားကိုပေးအပ်၍နှစ်ခြင်းခံယူခဲ့သည်။ "ကျမ ဘုရားအတွက် အသက်ရှင်ချင်ပါတယ်" လို့ကျောင်းအုပ်ကြီးအားပြောခဲ့ပါသည်။

ယခုတွင်မေရီသည်၁၃နှစ်အရွယ်၊၆နှစ်စာပညာဆည်းပူးခဲ့ပြီးသောကျောင်းသူလေးတစ်ဦးဖြစ်၍ဘုရားသခင်အတွက်အသက်ရှင်လျက်ရှိသောမိန်းကလေးတစ်ဦးဖြစ်သည်။ယခင်အချိန်များထက်ကျမ်းပိုဒ်များကိုပို၍ဖတ်ရှုလျက်ရှိသည်။ဥပုသ်နေ့များတွင်တရားဟောရန်တရားဟောချက်များပင်ပြင်ဆင်၍ကျောင်း၏ဘုရားရှိခိုးကျောင်းနှင့် အခြားဘုရားရှိခိုးကျောင်းများတွင် တရားဟောပြောလျက်ရှိသည်။

သခင်ခရစ်တော်ဒုတိယအကြိမ်ပြန်ကြွလာမည့်အကြောင်းကိုဟောပြောရသည်ကိုသူမနှစ်သက်၍ ကိုယ်တော်ကိုချစ်သောသူများအတွက် နားပြန်ကြားရမည့်အခွင့်ကိုမျှော်လင့်လျက်ရှိသည်။

"ကျွန်မ အကြားအာရုံချို့ယွင်းပေမယ့်သခင်ခရစ်တော်၏အသံကိုကြားရပါသည်။" ဟုဆက်၍ပြောခဲ့သည်။

၂၀၂၃ ၏ သုံးလပတ်အလှူငွေသည်မာဝါတာသတ္တမနေ့အသင်းတော်၏နားမကြားကျောင်းတော်အတွက် ကျား၊ မ ဘော်ဒါဆောင်ဆောက်လုပ်ပေးခြင်း၊ စားဖိုဆောင်နှင့်ထမင်းစားဆောင်များကိုဆောက်လုပ်ပေးခဲ့သည်။ ယခုသုံးလပတ်၏အလှူငွေများကို သတ္တမနေ့အသင်းတော်၏အခြားကျောင်းတစ်ကျောင်းဖြစ်သော မဲရီရှိမူကြိုကျောင်းဆောင်တည်ဆောက်ရန်ကူညီသွားမည်ဖြစ်သည်။ ထိုကျောင်းအားဖြင့်ကင်ညာရှိကလေးများအား ဘုရားသခင်အကြောင်းသိစေရန်ဖြစ်သည်။ သင်၏ရက်ရောစွာလှူဒါန်းခြင်းကိုကျေးဇူးတင်ပါသည်။

-o-

## "ကောင်းကြီးပြည့်ဝသောခန်းမဆောင်"

မေလ ၂၃ ရက်၊ ရေးသားသူ-အီလိုက်ဂျာ၊ ကင်ညာနိုင်ငံ၊

ကင်ညာနိုင်ငံရှိ နားမကြားသူများအတွက် ကျောင်း၌ ဘက်စုံသုံးခန်းမသည်ကောင်းကြီးခံစားရခြင်း၏အမှတ်လက္ခဏာဖြစ်လာမည်ဟု မျှော်လင့်ကြသည်။ ထိုခန်းမသည်သင်တို့၏အကူအညီဖြင့်သာကောင်းကြီးခံစားရန်ဖြစ်စေနိုင်ပါသည်။

ဦးစီးတည်ဆောက်ပေးသောခေါင်းဆောင်ကယခုကဲ့သို့ လျင်မြန်စွာတည်ဆောက်ခဲ့ရသောလုပ်ငန်းကိုမတွေ့မြင်ခဲ့ကြောင်းပြောပြပါသည်။ ဤအဆောက်အဦးဆောက်လုပ်စဉ်သုံးလအတွင်းမတော်တဆမှု၊ ထိခိုက်ဒဏ်ရာရမှုတစ်စုံတစ်ခုမျှမ

ရှိခဲ့ပါ။ လုပ်ငန်းအတွင်းမှပစ္စည်းခိုးယူခံရခြင်း၊ အလုပ်သမားများသောက်စားယစ်မူး ခြင်းများပင်မရှိချေ။

ဤအရာများသည် ဘုရားသခင်၏လက်တော်အားဖြင့် အဆောက်အဦးစ တင်တည်ဆောက်ခြင်းမှဆုံးခန်းတိုင် ကွယ်ကာပေးမှုကြောင့်ဖြစ်ပါသည်ဟုထိုခေါင်း ဆောင်မှထပ်လောင်းပြောပြသည်။

ကင်ညာနိုင်ငံ၏မြို့တော် နိုင်ရိုဘီမှ ၃၀၀ ကီလိုမီတာမိုင်အားဖြင့်၁၈၅မိုင်အ ကွာ၌ရှိသော ကီစီမြို့လေး၌ရှိသောမိုင်ဝါတီ သတ္တမနေ့အသင်းတော်၏နားမကြားက လေးများအတွက်ကျောင်းတော်၌ဘက်စုံသုံးခန်းမတည်ဆောက်ခဲ့သည်။ ၂၀၂၃ ၏ပ ထမကွာတာ၏အလှူငွေများအားဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အလှူငွေများကို ဘက်စုံသုံးခန်းမတည်ဆောက်ရာ၌ အသုံးပြု၍ ခေတ်မှီစားဖိုဆောင်နှင့် ထမင်းစား ဆောင်များတည်ဆောက်ရာတွင်တပါတည်းအသုံးပြုခဲ့ပါသည်။ ယခင်အချိန်ကလ ဟာပြင်၌အစားအစာများကိုချက်ပြုတ်ရသည်။ ကလေးသူငယ်များသည်လည်း လ ဟာပြင်၌သာအစာစားရသည်။ ယောကျ်ားလေးနှင့်မိန်းကလေးဘော်ဒါများကိုလည်း တည်ဆောက်ရာ၌အလှူငွေကိုအသုံးပြုသည်။ကျောင်း၌ယောကျ်ားလေး ၂၉ ယောက် နှင့်မိန်းကလေး ၄၃ ယောက်စုစုပေါင်း ၇၃ ယောက်သည်အသက် ၄ နှစ်မှ ၁၈ နှစ်အ တွင်းပညာသင်ကြားလျက်ရှိသည်။

အသက် ၃၆ နှစ်အရွယ်သတ္တမနေ့အသင်းသားအီလိုက်ဂျာဆိုသူ၏ဦးဆောင် မှုအားဖြင့်ရရှိလာသောအလှူငွေများကို စားဖိုဆောင်နှင့်ထမင်းစားဆောင်ကိုစတင် တည်ဆောက်ကြသည်။

“မေတ္တာတော်ရှင်အဖ၊ ယနေ့နံနက်မှစ၍လုပ်ငန်းကိုလုပ်ဆောင်ရာ၌ကူညီ တော်မူပါ။ခွန်အားနှင့်ကျန်းမာခြင်းများပေးသနားတော်မူ၍အန္တရာယ်မှကာကွယ်ပေး တော်မူပါ” ဟု ဆုတောင်းခဲ့ပါသည်။

ဘုရားသခင်သည်သူ၏ဆုတောင်းသံကိုနားညောင်းတော်မူပါသည်။ “ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်အမြင့်မှအလုပ်သမားများပြုတ်ကျ၍ ထိခိုက်ဒဏ်ရာများရရှိတတ်သော်လည်း ဤလုပ်ငန်းခွင်၌ထိုသို့မဖြစ်ပါ”ဟုအီလိုက်ဂျာပြောပြပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများတွင်သူခိုးများကြောင့်ဒုက္ခများကြရသည်။ညအချိန်၌ဘိလပ်မြေများ၊ သံချောင်းများခိုးယူကြသည်။ အစောင့်မရှိလျှင်နေ့အချိန်၌ပင်ခိုးယူတတ်ကြသည်။ သို့သော် ဤကျောင်းဆောင်၏ ဘက်စုံသုံး ခန်းမဆောင်ဆောက်လုပ်ရာ၌ထိုသို့ကိစ္စများ မရှိခဲ့ချေ။

ငွေကြေးနှင့်သက်ဆိုင်သောအချိန်မီမပေးချေနိုင်၍ဆောက်လုပ်ရေးပစ္စည်းများအချိန်မီဝယ်ယူနိုင်ခြင်းမပြုလုပ်ခြင်းများ၊ အလုပ်သမားများ၏လုပ်အားခများကိုအချိန်မီမပေးနိုင်ခြင်းများ အခြားသောဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲ၌ တွေ့ ကြုံရသော်လည်း ဤခန်းမဆောင်ဆောက်လုပ်ရေး၌မှာမူ အစဉ်ငွေကြေးအချိန်မီရောက်ရှိခဲ့သည်။

အလုပ်သမားများသည်လည်းလုပ်ငန်းခွင်၌ ပျော်ရွှင်ကြသည်။ အခြားသောလုပ်ငန်းခွင်နှင့်တတန်းတူလုပ်အားခရ၍စနေနေ့၌ အလုပ်နားခွင့်ရ၍ကျေးဇူးတင်ကြသည်။ အခြားနေရာ၌နားရက်မရှိပေ။ ကျောင်း၏ခန်းမ ဆောက်လုပ်ရေးအတွက်အလုပ်လုပ်လိုသူများနေ့စဉ်လာရောက်သောကြောင့် အီလိုက်ဂျားသည်ရွေးချယ်၍ငှားရမ်းရသည်။

ပထမဆုံးအလုပ်ဆင်းစဉ်၌အလုပ်သမားများသည်အရက်သေစာသောက်စားကြသည်။ “ခင်ဗျားတို့အရက်သောက်ရင်အလုပ်မပေးတော့ဘူး” လို့အီလိုက်ဂျာပြောခဲ့သည်။ နောက်တစ်နေ့နံနက်တွင်ထိုသူများပင်လုပ်ငန်းခွင်ထဲသို့ဆက်၍ ဝင်လာခဲ့သော်လည်း အရက်ကိုမသောက်တော့ပါ။

အီလိုက်ဂျားမှ အလုပ်သမားများကို၊ မိမိအဖော်များကိုလည်း အရက်မသောက်ရန်အားပေးနိုင်ခဲ့ပါသည်။ အလုပ်သမားအချင်းချင်းကလည်း တစ်ဦးတစ်ယောက်မှအရက်သောက်လိုလျှင် "အရက်သောက်ရင် အလုပ်မရဘဲနေဦးမယ်၊ မသောက်ပါနဲ့ကွဦ" ဟုဆို၍ တားကြသည်။

ရက်သတ္တပတ်အနည်းငယ်ကြာလာသောအခါအလုပ်သမားများအရက်မသောက်တော့ပါ။ အလုပ်မရမှာစိုးသောကြောင့်ဖြစ်သည်။ "ငါအကောင်းဆုံးကြိုးစားပြီးအရက်ဖြတ်နေပါတယ်။ခက်ခဲမှုတော့ရှိတာပေ့ါ" ဟုအချင်းချင်းပြောဆိုသံကို အီလိုက်ဂျား ကြားခဲ့ရသည်။

ဒီအလုပ်သမားများအားလုံးအရက်ကိုလုံးဝမသောက်ရန် အီလိုက်ဂျား မျှော်လင့်လျက်ရှိသည်။ "ကျွန်တော့်ရဲ့ဆောက်လုပ်ရေးလုပ်ငန်းအားဖြင့် ထိုအလုပ်သမားများအရက်ပြတ်သွားရန်ကျွန်တော်ဆုတောင်းပေးခဲ့သည်" ဟု အီလိုက်ဂျား ဆက်၍ပြောပြသည်။

အီလိုက်ဂျားသည်ဤစီမံကိန်းကိုလုပ်ဆောင်ရသည်မှာကျေနပ်လျက်ရှိ၍သူကိုယ်တိုင်ကောင်းကြီးခံစားရသကဲ့သို့လူအများလည်းကောင်းကြီးခံစားရသောကြောင့်ဖြစ်သည်။

"ဒီစီမံကိန်းသည်ကျောင်းအတွက်သာမကပတ်ဝန်းကျင်လူသားများအတွက်ပါ အကျိုးဖြစ်ထွန်းစေခဲ့သည်" ဟု အီလိုက်ဂျား ပြောပြပါသည်။

ယခုဖော်ပြသောအကြောင်းအရာသည် ၂၀၂၃ တွင်သင်လှူဒါန်းခြင်းကြောင့်ဆောက်လုပ်ပြီးစီးခဲ့သော ဘက်စုံသုံးခန်းမဆောင်အကြောင်း ဖြစ်သည်။ သင်၏လှူဒါန်းသောငွေကြေးသည်မာဝါတီနားမကြားကျောင်းမှ ကလေးများအတွက်သာမကအဆောက်အဦးဆောက်လုပ်သောအလုပ်သမားများအတွက်ပင် သခင်ခရစ်တော်၏မေတ္တာကိုသိစေခဲ့သည်။ ယခုသုံးလပတ်၏အလှူငွေများသည် နာရိုဘီမြို့ရှိမယ်ရီရှိ မူ

ကြိုကျောင်းအတွက်ဖြစ်၍ စာသင်ခန်းအသစ်တည်ဆောက်ရန်ဖြစ်သည်။ ကျေးဇူးတင်ပါသည်။

-၀-

## "ဘုရားသခင်ထံမှလက်ဆောင်"

မေလ ၃၀ ရက်၊ ရေးသားသူ-ဂျီနီ၊ ဘူရမ်ဒီမြို့။

ဂျီနီသည်သူမသေတော့မည်ဟုထင်နေမိသည်။ အသက် ၂၆ နှစ်အရွယ်မိခင်သည်အချိန်တိုင်းမူးဝေခြင်းကိုခံစားရသည်။ဂျီနီသည်ခံတွင်းအရသာမခံစားနိုင်တော့ပါ။ သူမအိမ်အပြင်သို့ထွက်လာသောအခါ အပြင်လေတိုက်ခတ်မှုကိုနာကျင်သည်ဟုခံစားရသည်။

ဘူရမ်ဒီမြို့ရှိဆေးရုံတွင် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ထားသော်လည်းရောဂါရှာမရဖြစ်နေသည်။ ဂျီနီသည် အခြားသောဆေးရုံသို့ထပ်၍ဆေးစစ်မှုပြုရန်သွားသော်လည်းသူမအားမကူညီနိုင်ကြပါ။

ပိုင်ဆိုင်သမျှငွေကြေးများကိုကုသမှုအတွက်အသုံးပြုသော်လည်းမျှော်လင့်ခြင်းသာပျောက်ဆုံးခဲ့ရသည်။ သေဆုံးခြင်းသာသူမအတွက်တစ်ခုတည်းသောသက်သာရာဖြစ်သည်ဟုထင်ရသော်လည်း ဂျီနီသည်ကလေးမီးဖွားလိုသည်။ သူမ၏သမီးဦးလေးကိုမွေးဖွားလိုသောဆန္ဒရှိသည်။

တစ်စုံတစ်ဦးသည်မြို့၏အနောက်မြောက်အစွန်၌ရှိသောသတ္တမနေ့အသင်းတော်၏ဆေးခန်းသို့သွားရန်ပြောပြသည်။ ဘူဂန်ဒါဆေးပေးခန်းဟုလူသိများသောထိုဆေးခန်းသို့ ဂျီနီ သွားရောက်ခဲ့သည်။

ဆေးခန်းမှဝန်ထမ်းများသည်ကျန်းမာရေးစစ်ဆေးချက်များကိုလျင်မြန်စွာဦးစားပေး၍စစ်ပေးကြသည်။ ဘာကြောင့်ဖျားနာရသည့်အကြောင်းရင်းကိုဂရုမပြုဘဲဆေးသွင်းခြင်းကို ကျေနပ်စွာလက်ခံခဲ့သည်။ ဝန်ထမ်းများ၏ ညွှန်ကြားချက်အ

တိုင်း ဂျီနီ လိုက်နာ၍ဆေးအရည်ကိုတစ်ပတ်သုံးကြိမ်သူမသောက်ခဲ့သည်။ဆေးအရသာမှာချိုသည်။

ရက်သတ္တပတ်အနည်းငယ်ကြာချိန်၌ဂျီနီ၏ နာကြင်မှုများပျောက်ကင်းသွားသည်။ သူမပြန်လည်ကျန်းမာခဲ့သည်။ ဆေးခန်းသို့ရက်ချိန်းပြန်လည်ပြသချိန်၌ကျန်းမာရေးကုသမှုကုန်ကျစရိတ်များကိုတပါတည်းရှင်းခဲ့ပါသည်။

ဂျီနီသည် ပျော်ရွှင်မှုရရှိ၍များမကြာမီတွင်သမီးဦးလေးချန်နယ်လီကိုမွေးဖွားခဲ့ပါသည်။ အချိန်များကုန်ဆုံးလာပါသည်။ ဂျီနီ၊ တဖန်အဖျားဝေဒနာကိုခံစားရပြန်သည်။ သတ္တမနေ့အသင်းတော်ဆေးကုခန်းကိုသူမစိတ်ပျက်သွားခဲ့သည်။ သူမအခုလိုပြန်ဖျားနာခြင်းသည်ဒီဆေးခန်းမှကောင်းစွာကုသမှုမပြုနိုင်သောကြောင့်ဖြစ်မည်ဟု ဂျီနီ ထင်ခဲ့ပါသည်။ အခြားဆေးခန်းငါးခုသို့သူမသွားခဲ့သော်လည်းသူမကိုကူညီမှုမပေးနိုင်ခဲ့ပါ။

နောက်ဆုံးကြံရာမရဖြစ်ပြီးနောက် ဘူဂန်ဒါဆေးခန်းသို့ပင်ဂျီနီပြန်၍သွားခဲ့ရသည်။ ဆရာဝန်၏ဆေးစစ်ချက်၌ရောဂါအသစ်ဖြစ်သောအဆုတ်နာရောဂါခံစားရလျက်ရှိကြောင်းသိခဲ့ရသည်။ ဆေးကုသမှုခံယူ၍ဆေးခန်းမှဆရာဝန်များ၏ညွှန်ကြားချက်ကိုလိုက်နာခြင်းဖြင့် မိမိကိုယ်တိုင်နှင့်သူတစ်ပါးကိုမထိခိုက်စေရန်ကောင်းစွာနေထိုင်အသက်ရှင်ခဲ့သည်။

ဤတစ်ကြိမ်၌ရောဂါဖြစ်ခြင်းကိုလက်ခံ၍ကုသမှုခံယူရာ၌လည်းပျော်ရွှင်စွာခံယူ၍ ကျန်းမာရေးစရိတ်များကိုပေးချေခဲ့သည်။

ထိုနောက် သမီးငယ်ချန်နယ်လီ၂နှစ်သမီးအရွယ်၌ ဖျားနာသောအခါ ဘယ်ဆေးခန်းသို့သွားရမည်နည်းဟုမေးစရာမလို၊ သတ္တမနေ့အသင်းတော်ဆေးကုခန်းသို့ချက်ချင်းခေါ်ဆောင်သွားသည်။

သမီးငယ်ဘာကြောင့်ဖျားနာရသည်ကို ဂျီနီမသိသော်လည်းဆရာဝန်မှကျန်းမာရေးစစ်ဆေးမှုကိုချက်ချင်းပြုလုပ်၍ရောဂါရှာဖွေပေးခဲ့သည်။ ဆရာဝန်ကသမီး

လေးကိုဆေးထိုးပေး၍ ၁၀ရက်ကြာလျှင်ရက်ချိန်းပြန်လာပြကာဆေးထိုးမှုခံယူရန် ဂျီနီအား ပြောခဲ့သည်။ဂျီနီလည်းသမီးကိုရက်ချိန်းပုံမှန်လာပြ၍ ဆေး ၁၈လုံးအထိ ထိုး၍ကုသမှုခံယူခဲ့သည်။ ထိုနောက်သမီးလေးချန်နယ်လီသည် ရောဂါကင်းစင်သွား ပြီဖြစ်ကြောင်းဆရာဝန်မှအတည်ပြုပေးခဲ့သည်။

ကုသမှုခံယူစဉ်ကာလအတွင်းဆေးခန်းမှဝန်ထမ်းများသည်ဂျီနီနှင့်သမီး လေးထံလာရောက်လည်ပတ်ကြသည်။ ဆေးခန်းနှင့်အိမ်တွင်လည်းဆုတောင်းပေး ကြသည်။ ဂျီနီသည်ထိုသူများပြသသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုခံစားရ သည်။ ထိုကြောင့် နှစ်ခြင်းခံယူကာ သတ္တမနေ့အသင်းသားတစ်ယောက်အဖြစ်ခံယူခဲ့ သည်။

သခင်ခရစ်တော်သည်ကမ္ဘာမြေပေါ်၌လူ့ဇာတိနှင့်အသက်ရှင်စဉ်တွင်အသုံး ပြုခဲ့သောနည်းအားဖြင့် လူအများ၏စိတ်နှလုံးကို သိမ်းပိုက်နိုင်ခဲ့သလိုဂျီနီ၏နှလုံး သားကိုပင်အုပ်စိုးနိုင်ခဲ့ပါသည်။“လူသားများထံသတင်းကောင်းရောက်ရှိရန်မှာသခင် ခရစ်တော်၏နည်းလမ်းတစ်ခုသာ အအောင်မြင်ဆုံးလမ်းဖြစ်သည်။ ကယ်တင်ရှင် သည် လူများနှင့်အတူပေါင်းဖော်သည်။ လူများကိုကြင်နာသနားမှုပြသ၍ လိုအပ်မှု များအတွက်အစေခံဆောင်ရွက်မှုပြုကာသူတို့၏စိတ်ချမှုကိုရယူနိုင်ခဲ့သည်။ နောက် မှ “ငါ့နောက်သို့လိုက်လော့” ဟုဖိတ်ခေါ် ခဲ့သည်။(ပျော်ရွှင်ကျန်းမာ၊ခရစ်ယာန်သာသ နာ၊ စာ ၇၃)။

လပေါင်းများစွာဆေးခန်းမှဝန်ထမ်းများသည်သခင်ခရစ်တော်၏ပုံသေနည်း ကိုအသုံးပြု၍ဂျီနီနှင့်သမီးငယ်ချန်နယ်လီထံလာရောက်လည်ပတ်၍ဆုတောင်းပေး ခြင်းလိုအပ်သည်များကို ကူညီပေးခြင်းဖြင့် ယုံကြည်စိတ်ချမှုရရှိစေခဲ့သည်။ ထို နောက်ဂျီနီသည်ခရစ်တော်နောက်လိုက်ရန်ဆုံးဖြတ်ချက်ခဲ့သည်။

ယနေ့တွင်အသက်၄၀အရွယ်ဂျီနီသည် သစ္စာရှိသောသတ္တမနေ့အသင်းသား တစ်ဦးအဖြစ်အသက်ရှင်၍၁၄နှစ်အရွယ်ချန်နယ်လီကတော့သတ္တမနေ့အသင်းတော်

ဘုရားကျောင်းသို့ မိခင်နှင့်အတူအပတ်စဉ်ပုံမှန်တက်လျက်ရှိသည်။ ဂျီနီနှင့်သမီးအတွက်မှာမူ ဘူဂန်ဒါဆေးကုခန်းသည် ဘုရားသခင်ထံလက်ဆောင်မွန်ဖြစ်ပါသည်။

"ဆေးခန်း၌ကျွန်မဆေးကုသမှုခံယူစဉ်မေတ္တာနှင့်ကုသပေး၍ ဘုရားသခင်၏မေတ္တာကိုလည်းပြသပေးခဲ့သည်။ ထိုဝန်ထမ်းများသည်ဘုရားသခင်၏အမှုတော်ဆောင်များဖြစ်သည်ဟုကျွန်မယုံကြည်သည်။ ကျွန်မအိမ်အထိလာရောက်လည်ပတ်မှုပြု၍ဆုတောင်းပေးခဲ့ကြသည်" ဟု ဂျီနီ ပြောဆိုခဲ့ပါသည်။

ယခု သုံးလပတ်အလှူငွေသည် ဘူဂန်ဒါဆေးကုခန်းကိုတိုးချဲ့၍ မဟာသမားတော်သခင်ခရစ်တော်၏ကုသမှုပြုနိုင်သောလက်အဖြစ် အမှုဆောင်နိုင်ရန်ကူညီပေးရန်ဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင်တည်ထောင်ခဲ့သောဘူဂန်ဒါဆေးပေးခန်းသည် ဘူရန်ဒီသတ္တမနေ့အသင်းတော်နှင့် အတူယှဉ်တွဲလျက်ရှိ၍ ယခုအလှူငွေများသည် ထိုအဆောက်အဦးပြန်လည်မွမ်းမံပြုပြင်ရန်ဖြစ်သည်။ဆေးခန်း၏ကျား၊မလူနာဆောင်သီးသန့်ဆောင်၊ဆရာဝန်အခန်းများ၊ညှော်ကြိုမျက်နှာစာ၊ဓါတ်ခွဲခန်းနှင့်ရေချိုးခန်း အိမ်သာစသဖြင့်တိုးချဲ့ဆောက်လုပ်ရန်အတွက် သင်၏အလှူငွေများကိုအသုံးပြုသွားမည်ဖြစ်သည်။ အရေးကြီးသောစီမံကိန်းအတွက် သင်၏လှူဒါန်းမှုကိုအထူးကျေးဇူးတင်ပါသည်။

-ဝ-

## "အုံ့ဖွယ်ဆေးခန်း"

ဇွန်လ ၆ ရက်၊ တန်ဇန်းနီးယား

ယခုဥပုသ်နေ့တွင်တင်ပြမည့်ရပ်ဝေးသတင်းစကားသည် တန်ဇန်းနီးယားနိုင်ငံ၊ အာဖရိကတိုက်၏အရှေ့ဖက်ကမ်းခြေရှိ၊ ဇမ်ဇီဘာကျွန်းပေါ် ရှိသတ္တမနေ့အသင်းတော်၏ဆေးကုခန်းအကြောင်းဖြစ်ပါသည်။ယခုသုံးလပတ်အလှူငွေများအသုံးပြုမည့်နေရာပင်ဖြစ်သည်။ အကြောင်းအရာလေးသည် ၁၉၈၀ တွင်အစပျိုးခဲ့သည်။

ဇမ်ဇီဘာကျွန်းရှိအစိုးရလူကြီးများ အခက်အခဲဖြစ်နေခဲ့ကြသည်။ ဝန်ကြီးချုပ်ဖြစ်သော ဘက်ရှာရစ်ဟာမက်သည် တန်ဇန်းနီးယားနိုင်ငံ၏မြို့တော်ဒိုဒိုမာမြို့သို့ ခရီးသွားစဉ် နေမကောင်းဖြစ်ခဲ့သည်။ ဇမ်ဇီဘာကျွန်း၏ဒုတိယသြဇာအရှိဆုံးပုဂ္ဂိုလ်သည်တစ်နေ့ထက်တစ်နေ့ပို၍အားလည်းလာကာ သတိပင်လစ်သောအခြေအနေသို့ ရောက်ခဲ့ရသည်။

တစ်စုံတစ်ဦးမှသတ္တမနေ့အသင်းတော်၏ဆေးကုခန်းသို့သွားရောက်ကုသမှု ခံယူရန်မှတ်ချက်ပြုသည်။ ဝန်ကြီးအလုပ်လုပ်သော ပါလီမန်အဆောက်အဦးနှင့် အနည်းငယ်အလှမ်းဝေးသည်။ သို့သော်ဝန်ကြီးချုပ်သည်ထိုဆေးခန်းသို့သွား၍ကုသမှု ခံယူခဲ့သည်။ ကုသမှုခံယူစဉ်စိတ်ကျေနပ်မှုရရှိခဲ့၍ဝန်ထမ်းများကို "သင်ကဘယ်သူလည်း" လို့မေးသောအခါ "ကျွန်တော်တို့ကိုသတ္တမနေ့အသင်းသားတွေပါ" လို့ ပြန်ဖြေခဲ့ကြပါသည်။ "ခင်ဗျားတို့အဖွဲ့အစည်းမှာခေါင်းဆောင်ရှိသလား" လို့ဝန်ကြီးချုပ်ကထပ်၍မေးသောအခါ"ကျွန်တော်တို့မှာခေါင်းဆောင်ရှိပါတယ်" လို့ဝန်ထမ်းများက ပြန်ဖြေကြပါတယ်။

"ဒီလိုဆေးခန်းမျိုးဇမ်ဇီဘာကျွန်းပေါ်မှာဖွင့်လှစ်ပေးနိုင်သလား" လို့ထပ်ပြီး မေးလိုက်သောအခါဝန်ထမ်းများမှ"ဟုတ်ကဲ့ဖွင့်ပေးနိုင်ပါတယ်" ဟုဖြေပေးခဲ့သည်။ ဆေးခန်းမှဝန်ထမ်းများသည်တန်ဇန်းနီးယား၏အသင်းတော်ဌာနချုပ်သို့ထိုတောင်းဆိုမှုကို သတင်းကောင်းပါးလိုက်ပါသည်။ အသင်းတော်ခေါင်းဆောင်များလည်းဝမ်းမြောက်ကြပါသည်။

ဇမ်ဇီဘာကျွန်းတွင် သာသနာပြုရန် လွန်စွာစိန်ခေါ်မှုများပါသည်။ ထိုကျွန်းပေါ်သို့၁၉၃၀ တွင်ပထမဆုံးစာပေဖြန့်ချီသောသာသနာပြုများရောက်၍ စာပေများဖြန့်ချီခဲ့သော်လည်း မည်သူတစ်ဦးမျှဝယ်ခြင်းမရှိခဲ့ပါ။ ထိုသူတို့သည် ခရစ်ယာန်တစ်ဦးတစ်ယောက်မျှမဟုတ်ကြပါ။

များမကြာမီဇမ်ဗီဘာကျွန်းသို့ဆေးဆရာဝန်များစေလွှတ်၍အရက်၊ဆေးရွက်ကြီးနှင့်ဝက်သားနှင့်စပ်လျဉ်း၍ကျန်းမာရေးသင်တန်းများပို့ချရာတွင်အောင်မြင်မှုပိုမိုရရှိလာသည်။ သာသနာပြုများနှင့် ထိုကျွန်းသားများအကြား ဆက်ဆံရေးတိုးတက်လာ၍ထိုသူများထံမှတုန့် ပြန်မှုများလည်း ကောင်းမွန်လာသည်။

ယခုတွင်ဇမ်ဗီဘာကျွန်း၏ဝန်ကြီးချုပ်မှသတ္တမနေ့အသင်းတော်ကိုဆေးခန်းလာရောက်ဖွင့်လှစ်ရန်ဖိတ်ခေါ် ခြင်းသည်ကျန်းမာရေးအားဖြင့် ထိုနေရာသို့သာသနာရောက်ရှိရန်အချက်ပြလျက်ရှိသည်။ ကောင်းရန်ဖန်တီးလာသော အခြေအနေဖြစ်သည်။

တန်ဇန်းနီးယားအသင်းတော်ဌာနချုပ်မှသုံးဦးကော်မတီဖွဲ့၍ဆေးခန်းဖွင့်ရန်အခွင့်အရေးရှာဖွေကြသည်။ ရှေးအချိန်က ၁၉၈၆ ခုနှစ်တွင်ဤကဲ့သို့ပင်သုံးဦးကော်မတီဝင်များသည် ဇမ်ဗီဘာဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ကြသည်။ မိမိအားကုသမှုပေးသည့် သတ္တမနေ့အသင်းတော်မှ ဝန်ထမ်းများအားဖြင့် သတ္တမနေ့အသင်းတော်ကိုကောင်းစွာသိ၍မိမိရုံးခန်းသို့ဖိတ်ခေါ်ကာဆေးခန်းလာရောက်ဖွင့်ခွင့်ပေးခဲ့ဘူးသည်။ ဆေးခန်းဖွင့်ရန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ကျွန်းအာဏာပိုင်များမှခွင့်ပြုချက်ပေးရန်ဝန်ကြီးချုပ်သည် ညွှန်ကြားထားခဲ့သည်။

လများစွာကြာသွားသော်လည်းခွင့်ပြုချက်မကျလာပါ။ မည်သည့်စီမံကိန်းမှလည်းအကောင်အထည်မပေါ်လာပါ။ နောက်ဆုံးတွင်အသင်းတော်ခေါင်းဆောင်များမှဝန်ကြီးချုပ်အားအကြောင်းကိစ္စများသွားရောက်မေးခဲ့ကြပါသည်။

ဝန်ကြီးချုပ်မှထိုကိစ္စနှောင့်နှေးမှုကိုစိတ်ပျက်၍အမြန်ဆုံးအခွင့်ရရန်ဆောင်ရွက်ပေးခဲ့သည်။ ဆေးခန်းမြေနေရာအတွက်အသင်းတော်ခေါင်းဆောင်များမှလွန်ခဲ့သောငါးနှစ်မှစ၍စာပေအမှုဆောင်အဖြစ်ကျွန်းပေါ်တွင်နေထိုင်လျက်ရှိသောသူတစ်ဦးကိုမေးမြန်းရာလမ်းတစ်ဖက်တစ်ချက်၌မျက်နှာချင်းဆိုင်ဆောက်ထားသောဟို

တယ်အပေါင်းတစ်ခုကိုပြသည်။ ထိုမြေနေရာသည်လွန်ခဲ့သော၂နှစ်မှစ၍ရောင်းရန်စာရင်းတင်ထားသောနေရာဖြစ်သည်။ အသင်းတော်မှဝယ်ယူခဲ့သည်။

ဂျိုးဇက်ယာတိုင်ယာလီဟုခေါ်သောဆရာဝန်သည်ကျွန်းပေါ်သို့လာရောက်ဆေးခန်းဖွင့်ရန် ကူညီခဲ့သည်။ သူ၏ဦးဆောင်မှုအောက်တွင် အဆောက်အဦးကိုကောင်းစွာမွမ်းမံနိုင်၍ဆေးကုသမှု၊ခွဲစိတ်မှု၊ဓါတ်ခွဲခန်းပစ္စည်းများကိုပြည်မကြီးမှသင်္ဘောဖြင့်မှာယူခဲ့ကြသည်။

ဒေါက်တာဂျိုးဇက်ယာသည်ထိုဆေးခန်း၌ဆေးရောင်းချခွင့်ရ၍ဆေးဆိုင်နှင့်ဆေးခန်းတွဲ၍ဖွင့်ခဲ့သည်။ ဥပဒေအရ ဆေးဝါးတင်သွင်းမှုကို အခွန်ကင်းလွတ်ခွင့်ရသောကြောင့်ဆေးဝါးရောင်းချမှုမှရရှိသောအမြတ်အစွန်းများကိုဆေးခန်းဝန်ထမ်းများ၏လစာအတွက် အသုံးပြုနိုင်ခဲ့သည်။ ဆေးဝါးရောင်းချမှုအားဖြင့် ဝန်ထမ်းများ၏လစာအပြင်ဆေးဝါးများကိုပင်ထပ်ဝယ်ရန်လုံလောက်ပါသည်။

၁၉၈၈ ဇန္နဝါရီလ၁၁ရက်နေ့တွင် သတ္တမနေ့အသင်းတော်၏ဆေးခန်းကိုဇမ်ဇီဘာကျွန်းပေါ်၌ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

ဝန်ကြီးချုပ်သည်အားရနှစ်သက်လျက်ရှိသည်။ သူ၏မိသားစုဝင်များဖျားနာလျှင်ထိုဆေးခန်းသို့သာသွားရောက်စေခဲ့သည်။ဝန်ကြီးချုပ်၏ဇနီးသည်နှင့်အခြားဝန်ကြီးများ၏ဖျားနာမှုများကိုလည်းပျောက်ကင်းရန်ကုသပေးနိုင်သကဲ့သို့အနီးပတ်ဝန်းကျင်မှ အခြားလူနာများလည်းဖျားနာပျောက်ကင်းကြောင်း လူသိများလာကြသည်။

ဘုရားသခင်၏နိမိတ်လက္ခဏာဟုတင်စားရသောထိုဆေးခန်း၏ ဆရာဝန်ဒေါက်တာဂျိုးဇက်ယာသည်ပင်စင်ယူခဲ့လေပြီ။ "ဇမ်ဇီဘာကျွန်းသို့အမှုဆောင်ရန်ဘုရားသခင်ခေါ် ခဲ့သည်""ကျွန်တော်တို့အားဖြင့်အစပြုခဲ့တာမဟုတ်ပါဘူး"လို့ဆရာဝန်မှပြောခဲ့ပါသည်။

ဇမ်ဇီဘာကျွန်းရှိသတ္တမနေ့အသင်းတော်၏ဆေးကြခန်းသည်နှစ်ပေါင်း ၄၀ အတွင်းကျန်းမာရေးဝန်ဆောင်မှုများကိုပေးခဲ့ပါသည်။ယခုတွင်ပုဂ္ဂလိကဆေးခန်း

များလည်းဖွင့်လှစ်လာသော်လည်း ထိုဆေးခန်းများနှင့်လည်းပူးပေါင်း၍ကျန်းမာရေး ဝန်ဆောင်မှုများပေးလျက်ရှိသည်။ သို့သော်အဆောက်အဦးမှာဟောင်းနွမ်းလျက်ရှိသည်။ ပြန်လည်ပြုပြင်၍ ခေတ်မှီအဆောက်အဦးနှင့်လည်း အစားထိုးနိုင်ရန်ဖြစ်သည်။ သင်တို့ပေးလှူသော အလှူငွေများသည် ဆေးခန်းအဆောက်အဦးအတွက်အသုံးပြုမည်ဖြစ်သောကြောင့် သင်တို့၏ကူညီပေးမှုအတွက် ကျေးဇူးတင်ပါသည်။

-၀-

## "အညိုရောင်တံခါး"

ဇွန်လ ၁၃ ရက်၊ ရေးသားသူ-ဂျိုးဇက်ယာတိုင်ယာလီ၊တန်ဇန်းနီးယား

ယခုအပတ်တွင်အာဖရိကတိုက်၏အရှေ့ဘက်ကမ်းခြေရှိတန်ဇန်းနီးယားနိုင်ငံ၏ဇမ်ဇီဘာကျွန်းတွင်တည်ရှိသောသတ္တမနေ့အသင်းတော်သို့ပထမဆုံးဆက်သွယ်လာသောလူများ၏အကြောင်းကိုတင်ပြပေးသွားမည်ဖြစ်သည်။ ထိုအဖြစ်အပျက်သည် ၁၉၈၇ ခုနှစ်တွင်ဖြစ်ခဲ့သည်။

ဥပုသ်နေ့နံနက်ခင်းတစ်ရက် ဖြစ်ပါသည်။ အာဖရိကရှိဇမ်ဇီဘာကျွန်းတွင်သာမန်နေ့ရက်တစ်ရက်ဖြစ်ပါသည်။ သတ္တမနေ့အသင်းတော်ဆေးခန်းတွင်တာဝန်ထမ်းဆောင်လျက်ရှိသောဒေါက်တာဂျိုးဇက်ယာသည်ဘုရားကျောင်းသွားရန်ပြင်ဆင်လျက်နေစဉ်ဆေးခန်း၏တံခါးခေါက်သံကို ကြားခဲ့ရသည်။

ဒေါက်တာကအံ့သြသွားသည်။ မည်သူတစ်ဦးတစ်ယောက်မျှယခုကဲ့သို့တံခါးမခေါက်ခဲ့ပါ။ ကျွန်းတွင်နေလာစဉ်အတွင်းအတွေ့အကြုံအရတံခါးခေါက်သံသည်သူစိမ်းဖြစ်နိုင်သည်ဟုခန့်မှန်းမိသည်။ ကျွန်းသားများသည်နှုတ်ဆက်အသံပေးလေ့ရှိသော်လည်း ယခုမူတံခါးခေါက်လျက်သာရှိသောကြောင့်ကျွန်းသားများမဖြစ်နိုင်ပါ။ ပြည်မမှလူများဖြစ်နိုင်သည်။

ဒေါက်တာဂျိုးဇက်ယားသည်တံခါးမကြီးအားသွားဖွင့်ခဲ့သည်။ တံခါးညိုကြီးအားဖွင့်လိုက်သောအခါအိမ်နီးချင်းများကိုတွေ့ရသည်။ ဧည့်သည်၇ယောက်ဖြစ်၍အမျိုးသား၃ဦး၊ အမျိုးသမီးဆယ်ကျော်သက်နှင့် ကလေး၂ဦးကို ဒေါက်တာ တွေ့လိုက်ရသည်။

"ဘာအလိုရှိလို့လဲ" မေးလိုက်သည့်အခါ "ဒေါက်တာ့၊ဆေးခန်းဆိုတာကျွန်တော်တို့သိပါတယ်။ ကျွန်တော်ပြောချင်ပါတယ်" "ဘာအကြောင်းပြောချင်တာပါလည်း" လို့ဒေါက်တာမေးသောအခါ" ကျွန်တော်တို့စကားပြောချင်ပါတယ်" လို့ ဧည့်သည်မှတောင်းဆိုသောအခါဆေးခန်းထဲသို့ဖိတ်ခေါ်လိုက်ပါသည်။ထိုဧည့်သည်မှမိမိကိုယ်ကို မိုးဇက်ဖြစ်ကြောင်းမိတ်ဆက်၍ဇနီးနှင့်ကလေးများ၊သူ၏မိတ်ဆွေအီဒီကရဲ ဟုမိတ်ဆက်ပေးပါသည်။ ဆက်၍အကြောင်းအရာတစ်ခုကိုပြောပြသည်။

မိုးဇက်သည်အိပ်မက်ထဲတွင်အိမ်နီးချင်းတစ်ဦးထံသွားရောက်၍ "တံခါးညိုကြီးကိုတွေ့လိမ့်မယ်" လို့အသံတစ်သံက ပြောသံကြားလိုက်ရသည်။ "တံခါးခေါက်လိုက်ပါ။တံခါးဖွင့်၍ဧည့်ခံသောသူသည်ပြည်မကြီးမှလာသောခရစ်ယာန်ဖြစ်၍သင်တို့ဘာဆက်လုပ်ရမည်ကိုပြောပြလိုက်မယ်" ဟုပြောပါသည်။

မိုးဇက်သည်အိပ်မက်မှ နိုးလာသောအခါ အံ့သြမိသည်။ လျစ်လျူရှုထားလိုက်ပါသည်။ ညစဉ်ထိုအိပ်မက်ကိုသာမက်နေခဲ့သော်လည်းမေ့ထားလိုက်ပါသည်။ ၃ကြိမ်တိုင်တိုင်မက်သောအခါနံနက်တွင်မိသားစုများကိုအကြောင်းစုံရှင်းပြ၍ဆေးခန်းသို့လာခဲ့ကြောင်း ပြောပြခဲ့သည်။ ထိုနေ့သည်စနေနေ့နံနက်၊ဥပုသ်နေ့ဖြစ်သည်။

"ကျွန်တော့်အိမ်နားမှာဒီတံခါးတစ်ခုသာအညိုရောင်ရှိသည်ကိုသတိထားမိပါသည်။ ယခုနံနက် ဆေးခန်းသို့ရောက်လာချိန်၌ တံခါးပိတ်လျက်ရှိသည်။ တံခါးခေါက်လိုက်ပါ" ဟု အိပ်မက်တွင်မက်ခဲ့သောကြောင့် မိုးဇက် တံခါးခေါက်ခဲ့သည်။ ဒေါက်တာဂျိုးဇက်ဟာပြုံးမိသည်။

"ခင်ဗျားကကျွန်တော့်အိပ်မက်ထဲမှာတွေ့ခဲ့တဲ့လူပါ" ဟုပြော၍"ခင်ဗျားက ခရစ်ယာန်လား" လို့ဆက်၍ မေးခဲ့သည်။ ဂျိုးဇက်ဟာခေါင်းညိတ်ပြခဲ့သည်။ "ဒီနေ့ဘုရားဝန်ပြုကိုးကွယ်ရမယ့်ဥပုသ်နေ့ပါ" "ကျွန်တော်နဲ့အတူ ဘုရားကျောင်း လိုက်ခဲ့ကြပါလား" ဟုဒေါက်တာမှဖိတ်ခေါ်လိုက်ပါသည်။ မိုးဇက်ကသဘောတူလိုက်ပါသည်။

ဒေါက်တာနှင့်လူတစ်စုသည်ဘုရားရှိခိုးကျောင်းသို့လိုင်းကားစီးသွားကြ၍ အစီအစဉ်ပြီးသည့်နောက် နေ့လည်စာစားကြကာလိုင်းကားစီး၍ဆေးခန်းသို့ပြန်လာကြပါသည်။ နောက်ဥပုသ်နေ့များတွင် ဘုရားရှိခိုးရာနေရာသို့ မိသားစုလိုက်သွားရောက်ကြသည်။ဂျိုးဇက်ယားသည်မိုးဇက်၏မိသားစုထံအလည်အပတ်ပြု၍ကျမ်းစာလေ့လာကြပါသည်။ မိုးဇက်သည်လွန်ခဲ့သော ၇နှစ်ကပြည်မမှဇမ်ဗီဘာကျွန်းသို့ပြောင်းလာသောခရစ်ယာန်တစ်ဦးဖြစ်သည်။ ထိုသူနှင့်မိုးဇက်၊ အီဗီကရဲတို့သည် ကျမ်းစာဆွေးနွေးခဲ့ကြပါသည်။

တံခါးညိုကြီးအကြောင်းအိပ်မက်မက်ပြီးနောက်တွင်မိုးဇက်မိသားစုနှင့်အီဗီကရဲတို့သည် ကျမ်းစာလေ့လာသူများ ဖြစ်လာခဲ့ကြသည်။ ဂျိုးဇက်ယာ သည်ပြည်မကြီးမှတရားဟောဆရာကိုဆက်သွယ်ရသောနေ့ရက်ရောက်လာသည်။ ဂျိုးဇက်ယာသိသော မိုးဇက်နှင့်အီဗီကရဲတို့နှစ်ဦး နှစ်ခြင်းခံယူရန် အသင့်ရှိနေသောကြောင့် ဖြစ်သည်။

တရားဟောဆရာမှအံ့သြခဲ့ရသည်။ ဇမ်ဗီဘာကျွန်းတွင်နှစ်ခြင်းခံယူသူမရှိခဲ့သည်မှာနှစ်အတော်ကြာပြီးဖြစ်သည်။ဆေးခန်းဖွင့်ပြီးမကြာမီတွင်မိုးဇက်နှင့်အီဗီကရဲတို့နှစ်ဦးကိုအိန္ဒိယသမုဒ္ဒရာ၌ နှစ်ခြင်းပေးနိုင်ခဲ့သည်။ ရေထဲမှ ပြန်ထွက်ပေါ်လာသောထိုသူနှစ်ဦးကို ဂျိုးဇက်ယာကြည့်၍ ဘုရားသခင်ထံမိမိတို့၏ အသက်တာကိုဆက်ကပ်သောသူများအတွက်ဝမ်းသာလျက်ရှိသည်။

အညိုရောက်တံခါးကိုဖွင့်ပေးပြီးနောက်အဘယ်အရာမျှမမျှော်လင့်ခဲ့သော်လည်းကျန်သောအရာများကို ဘုရားရှင်ဆောင်ရွက်ပေးပါသည်။

ဒေါက်တာဂျိုးဇက်ယာဖွင့်ပေးခဲ့သောတံခါးညိုကြီးနေရာ၌အစားထိုးပြုပြင်ခဲ့ရသည်။ ယခုတွင် ထိုအဆောက်အဦး၌ပင် အစားထိုးပြုပြင်မွမ်းမံမှုများ ပြုလုပ်၍ ဆေးခန်းအတွက် အဆောက်အဦးအသစ်နှစ်လုံးကိုပါ ထပ်မံဆောက်လုပ်မည်ဖြစ်သည်။ယခုသုံးလပတ်၌သင့်ထည့်ဝင်သောအလှူငွေများဖြင့် ပြုပြင်ဆောက်လုပ်သွားမည်ဖြစ်သည်။ ရက်ရောစွာပေးကမ်းလှူဒါန်းခြင်းအတွက်ကျေးဇူးတင်ပါသည်။

-o-

## "ဥပုသ်နေ့အရှင်သခင်"

ဇွန်လ ၂၀ ရက်၊ ရေးသားသူ-အီဇီကရဲ၊တန်ဇန်းနီးယားနိုင်ငံ။

၁၈၈၆ ခုနှစ်တွင်ဖြစ်ပျက်ခဲ့သောဇမ်ဘီယာကျွန်းတွင်ပထမဆုံးအသင်းသားဖြစ်လာသူတစ်ဦးအကြောင်းဖြစ်ပါသည်။

အီဇီကရဲစိတ်ရှုပ်လျက်ရှိသည်။ စာအုပ်နာမည်ကို "ဥပုသ်အစစ်အမှန် သောကြာနေ့၊ စနေနေ့၊ တနင်္ဂနွေနေ့" ဘယ်နေ့မှန်းမသိသောကြောင့်ဖြစ်သည်။ သူလက်ဆောင်ရရှိသောစာအုပ်သည်ဒဗလျူ၊ဒူကန်အီဗာ(ဂျီစီ၏ဥက္ကဌဟောင်းတစ်ဦး)ရေးသောစာအုပ်ကိုအိမ်၌ဖတ်ခဲ့ရသောကြောင့်ဖြစ်သည်။

အီဇီကရဲသည်ဇမ်ဇီဘာကျွန်းသို့ ၁၉၈၅ ခုနှစ်တွင်ဤအဖြစ်အပျက်မတိုင်မီတစ်နှစ်စော၍ပြည်မမှ ပြောင်းလာသောသူဖြစ်သည်။ ကျွန်းသားများမှ ခရစ်ယာန်မဟုတ်ကြပါ။

အီဇီကရဲသည်ပုစ္ဆာတစ်ခုကို အဖြေရှာလျက်ရှိသည်။ ဥပုသ်နေ့သည်သောကြာနေ့မဟုတ်ကြောင်းကို သူကောင်းကောင်းသိသည်။ ဥပုသ်နေ့အမှန်ကိုသိလိုကြသည်။အီဇီကရဲသည်သူ၏အသက်တာတစ်လျှောက်လုံးတနင်္ဂနွေနေ့ကိုသာဥပုသ်စောင့်ခဲ့သည်။ သို့သော်သူဖတ်မိသောစာအုပ်ထဲတွင်ဘုရားသခင်၏ဥပုသ်နေ့သည်စနေနေ့ ဖြစ်သည်။

သူ၏သူငယ်ချင်းမိုးဇက်နှင့်ထိုဥပုသ်နေ့အကြောင်းပြောဆိုမိကြသည်။ထို စာအုပ်ထဲမှစနေနေ့ဥပုသ်သည်များကြောင်းလက်ခံလိုက်သော်လည်းသူ၏စိတ်ထဲမှ ထုတ်ပစ်၍မရလောက်အောင်ဥပုသ်နေ့အကြောင်းကို အီဇီကရဲစိတ်ဝင်စားမိသည်။ အီဇီကရဲသည်သူ့အားစာအုပ်ပေးသောသူထံသို့သွား၍"သင့်ကိုဒီစာအုပ်ပေးတဲ့သူကို တွေ့ချင်တည်" "ဥပုသ်နေ့အကြောင်းအမှန်ကိုသိချင်တယ်"လို့ပြောလိုက်ပါသည်။

လွန်ခဲ့သောအချိန်များတွင် ဘိုဟာနာအမည်ရှိ သတ္တမနေ့အသင်းသားစာပေ ဖြန့်ချီရေးသမားတစ်ဦးသည်အီဇီကရဲနှင့်မိုးဇက်တို့နှင့်တွေ့ဆုံ၍ဥပုသ်နေ့အကြောင်း ပြောပြသော်လည်း သူတို့နှစ်ဦးသည်ငြင်းခုန်သောကြောင့် ဗျာဒိတ်တော်အသံကျမ်း စာသင်ခန်းစာများကိုဝေငှသွားခဲ့သည်။

ဆက်၍"ဒီသင်ခန်းစာမေးခွန်းအားလုံးအဖြေမှန်ရရန်လက်ဆောင်ပေးမယ်" လို့ပြောသွားခဲ့သည်။အီဇီကရဲနှင့်မိုးဇက်သည်စိတ်ဝင်စားသည်။သင်ခန်းစာငါးခုယူ ထား၍အဖြေမှန်ကန်စွာဖြေထားကြသည်။ ယိုဟာနာသည်အဖြေမှန်ကြောင်းပြော၍ နောက်ထပ်ငါးခုထပ်၍ပေးလိုက်သည်။နောက်ထပ်ဖြေဆိုရန်ပေး၍သင်ခန်းစာ၂၀ ပြည့်သွားချိန်တွင်ယိုဟားနားသည်သူတို့နှစ်ဦးကိုဂုဏ်ပြုမှတ်တမ်းလွှာနှင့်အောင် လက်မှတ်ပေးအပ်ခဲ့သည်။ယိုဟာနာသည်သူ၏ကတိအတိုင်းအီဇီကရဲနှင့်မိုးဇက်တို့ ကိုမီးခိုးရောင်ဘောင်းဘီရှည်နှင့်ရှပ်လက်ရှည်အနီတစ်ထည်အပြာတစ်ထည်လက် ဆောင်ပေးခဲ့သည်။ တစ်ဦးကိုဝမ်းဆက်သုံးစုံလက်ဆောင်ရခဲ့ကြသည်။

အီဇီကရဲနှင့်မိုးဇက်သည်ထိုလက်ဆောင်ရခြင်းကြောင့်ဝမ်းသာလျက်ရှိ သည်။ အကြောင်းမှာကျွန်းသားများသည်ဝမ်းဆက်တစ်စုံကိုပိုင်ဆိုင်ရန်လုံလောက် သောဝင်ငွေမရှိသောကြောင့်ဖြစ်သည်။ အီဇီကရဲသည်မိမိအတွက်ဝမ်းစက်တစ်စုံယူ ထား၍နှစ်စုံကိုဆွေမျိုးများကိုပေးလိုက်သည်။ ထိုဝတ်စုံများကိုမည်သို့ရသည်ကိုသိ လိုသောဆွေမျိုးများအား "ကျွန်တော်ပြပေးမယ်၊လာကြည့်ကြပါ" လို့ ပြန်ဖြေ၍

ကျမ်းစာသင်ခန်းစာအဖြေများကို ပြလိုက်ပါသည်။ ဆွေမျိုးများလည်းဖြေဆိုရန်စာရင်းသွင်းကြသည်။

သင်ခန်းစာအခု၂၀ပြီးဆုံးချိန်မှစ၍အီဇီကရဲသည်ဥပုသ်နေ့ကိုစတင်စောင့်ရှောက်ခဲ့သည်။ ယိုဟာနာသည်မိုးဇက်ကိုလည်းသင်ခန်းစာနောက်တစ်တွဲဆက်ဖြေရန်တိုက်တွန်းခဲ့သည်။ သူငယ်ချင်း၂ဦးစလုံးသင်ခန်းစာအသစ်ကို ဖြေဆို၍ အောင်လက်မှတ်ရရှိခဲ့ကြကာဘောင်းဘီနှင့်အင်္ကျီနောက်ထပ်သုံးစုံရရှိခဲ့ကြသည်။

ယိုဟာနာသည်နောက်ထပ်ကျန်းမာခြင်းသင်ခန်းစာများထပ်၍ပေးလာသည်။ သင်ခန်းစာ၂၀ပြီးဆုံးသောအခါအီဇီကရဲနှင့်မိုးဇက်တို့သည်အောင်လက်မှတ်နှင့်နောက်ထပ်ဝမ်းစက်သုံးစုံရခဲ့ကြသည်။

သင်ခန်းစာ၃ခုကို တစ်နှစ်ခန့်အချိန်ယူ၍ဖြေဆိုခဲ့ရသည်။ မိုးဇက်သည်ကျမ်းစာသင်ခန်းစာများလေ့လာစဉ်တွင်တံခါးညိုကြီးအိပ်မက်ကိုသုံးကြိမ်မြင်မက်ခဲ့ခြင်းဖြစ်သည်။ သုံးကြိမ်မြောက်၌ ကျွန်းပေါ် ရှိသတ္တမနေ့ဆေးခန်း၏ တံခါးညိုကြီးကိုသွားရောက်ခေါက်ခဲ့ချိန်ဖြစ်သည်။ဆေးခန်းမှဆရာဝန်သည်သူနှင့်သူငယ်ချင်းအီဇီကရဲတို့ကိုဘုရားရှိခိုးရာအိမ်သို့ ခေါ်ဆောင်သွားခဲ့၍ ကျမ်းစာသင်ပေးခြင်းများပြုလုပ်ပေးခဲ့သည်။

စာပေးစာယူသင်တန်းသင်ခန်းစာသုံးခုမြောက်ပြီးဆုံးချိန်၌ ယိုဟာနာကို သူနှစ်ခြင်းခံလိုကြောင်းအီဇီကရဲပြောခဲ့သည်။ မိုးဇက်နှင့်အီဇီကရဲနှစ်ဦးသည်အိန္ဒိယသမုဒ္ဒရာထဲ၌နှစ်ခြင်းခံယူခဲ့ကြသည်။ သူတို့နှင့်အတူယိုဟာနာနှင့်ဆေးခန်းမှဒေါက်တာ၂ဦးသည်ရေထဲသို့ဆင်းသည့်အထိအတူလိုက်ပါခဲ့ကြသည်။ ထိုသူနှစ်ဦးသည် ဇမ်ဇီဘာကျွန်းမှပထမဆုံးသတ္တမနေ့အသင်းသားများဖြစ်လာခဲ့ကြသည်။

ကျွန်းပေါ်သို့သတ္တမနေ့အသင်းအုပ်ဆရာပထမဆုံးစရောက်ချိန် ၁၉၈၆ ခုနှစ်မှစ၍၆နှစ်အကြာ ၁၉၉၅ တွင်သတ္တမနေ့အသင်းတော်၏ဘုရားကျောင်းနှင့်အသင်းတော်တည်ထောင်နိုင်ခဲ့သည်။

ယနေ့တွင်ထိုကျွန်းပေါ်၌အသင်းတော်၆ပါးနှင့်ဥပုသ်စာဖြေအတန်းခွဲပေါင်း ၅ ခုရှိပြီး၊ အီဇီကရဲသည်ဥပုသ်နေ့တိုင်းဘုရားကျောင်းပုံမှန် တက်ရောက်လျက်ရှိပါသည်။ မိုးဇက်မှာတန်ဇန်းနီးယားပြည်မသို့ပြန်လည်နေထိုင်သော်လည်း သူငယ်ချင်း၂ဦးသည်အဆက်အသွယ်မပြတ်ရှိကြသည်။

အီဇီကရဲသည်ဓမ္မစာပေအမှုတော်ဆောင်နှင့်ဆရာဝန်အားကျေးဇူးတင်စကားအစဉ်ပြော၍ထိုသူများအားဖြင့် ဥပုသ်နေ့နှင့်ဥပုသ်နေ့၏သခင်ကိုသေချာစွာသိခွင့်ရသောကြောင့်ဖြစ်သည်။

"ဘုရားရှင်ကိုကိုးစားခွင့်ရသည့်အတွက်ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်း၍ကျေးဇူးတင်ပါသည်" လို့ပြောကြားခဲ့သည်။

ဇမ်ဇီဘာကျွန်းပေါ် ရှိဆေးခန်းသည်အနှစ်၄၀ကာလူသားအကျိုးပြုလုပ်ငန်းတွင်ပေးဆပ်ခဲ့ပြီးဖြစ်၍ ယခုတွင် ဆေးခန်း၏အဆောက်အဦး၂ခုမှာ အိုမင်းဟောင်းနွမ်းလျက်ရှိသည်။ ယခုသုံးလပတ်တွင်သင်၏ရက်ရောစွာပေးလှူသောအလှူငွေအားဖြင့်ဤဆေးခန်းနှင့်ဆက်နွယ်သောသမိုင်းတွင် ပါဝင်နိုင်ရန်အခွင့်အရေး ရရှိနိုင်မည်ဖြစ်သည်။ ခေတ်မှီဆေးခန်း ပြန်လည်တည်ဆောက်ရာတွင် ကူညီပေးသူတိုင်းအား ကျေးဇူးတင်ပါသည်။

-၀-

## "ဆရာဝန် အီဗရာဟင်"

ဇွန်လ ၂၇ ရက်၊ ရေးသားသူ-အီဗရာဟင်အဲလက်စ်ဂျွန်မာ၊တန်ဇန်းနီးယား

ယခုအပတ်တွင် အသင်းအုပ်ဆရာ အီဗရာဟင်အဲလက်ဂျွန်မာအကြောင်းတင်ပြချင်ပါသည်။၁၉၈၉ ခုနှစ်တွင်တန်ဇန်းနီးယားပြည်မကြီးမှ ဇမ်ဇီဘာကျွန်းသို့ရောက်လာသောပထမဆုံးသောသတ္တမနေ့အသင်းအုပ်ဆရာဖြစ်ပါသည်။

အီဗရာဟင်သည် ဆေးပညာမသင်ကြားခဲ့ရသော်လည်း"ဆေးလိပ်ဖြတ်ပါ" ခေါင်းစဉ်နှင့်ဆိုင်သော ကျန်းမာရေးသင်တန်းတက်ရောက်ခဲ့ပြီးနောက်တွင် ကျန်းမာရေးအသိပညာများသိရှိလာသောဘာသာရေးပညာတတ်မြောက်ထားသောသာသနာပြုဆရာတစ်ဦးဖြစ်သည်။ လူမှုပတ်ဝန်းကျင်၌ လူထုကို ရေများများသောက်ရန်အားပေးတိုက်တွန်းကာမိမိကိုယ်တိုင်သည်ပင် အပင်၊အသီး၊အရွက်များကိုဦးစားပေးသောအစားအစာများစားသောက်လျက်ရှိခဲ့သည်။

တရားဟောဆရာအဖြစ်ထက်ကျန်းမာရေးလုပ်သားအနေဖြင့်အမှုဆောင်ရန်ဇမ်ဗီဘာသို့အီဗရာဟင်ရောက်ရှိလာခဲ့သည်။ ဘာကြောင့်ယခုကဲ့သို့လာရောက်ခဲ့ရသည်ကို အီဗရာဟင်နားလည်သည်။ ကျွန်းသားများသည် ခရစ်ယာန်များမဟုတ်သကဲ့သို့ တရားဟောဆရာများကိုလည်း ကြိုဆိုခြင်းမရှိပါ။ အီဗရာဟင် ကိုယ်တိုင်ပင်ခရစ်ယာန်မဖြစ်မီတွင်ထိုသို့ ကြိုဆိုခြင်းမပြုရန်သွန်သင်ခြင်းခံခဲ့ရသည်။

အီဗရာဟင်သည်သူ၏မိသားစုနှင့် ၁၉၈၉ ခုနှစ်တွင် ထိုကျွန်းပေါ်သို့ပြောင်းရွှေ့လာခဲ့၍သတ္တမနေ့အသင်းတော်ဆေးခန်းကို ဦးစွာဖွင့်ခဲ့သည်။ ဒေါက်တာဂျိုးဇက်ယာနှင့်အတူလုပ်ကိုင်ခဲ့၍ ကျွန်းသားများသည် ဒေါက်တာဟုသာ ချစ်စနိုးခေါ် ခဲ့ကြသည်။

ကျန်းမာရေးလုပ်သားအဖြစ်တစ်ကျွန်းလုံးသို့သွားလာ၍ကျန်းမာရေးဥပဒေများကိုပြောပြခဲ့သည်။မကြာမီလုပ်သားကောင်းတစ်ဦးအဖြစ်လူသိများလာခဲ့သည်။

ဟိုတယ်မှညွှ့်ကြိုဝန်ထမ်းတစ်ဦးသည် ဆေးလိပ်သောက်လျက်ရှိသည်ကိုသတိပြုမိ၍ "ဆေးလိပ်ဖြတ်ရန်ကျွန်တော်ကူညီပေးမည်" ဟုပြောလိုက်သည်။ထိုသူနှင့်အတူဆုတောင်း၍ဆေးရွက်ကြီးနှင့်ဆေးဖြတ်ရန်ငွေကြေး၊အနည်းငယ်ပေးလိုက်သည်။ ညွှ့်ကြိုဝန်ထမ်းသည် ဆေးလိပ်ကိုကောင်းစွာဖြတ်လိုက်နိုင်ချိန်တွင် အီဗရာဟင်၏အကြောင်းကို လူတကာအားပြောပြပါသည်။

အီဗရာဟင် ကျွန်းပေါ်သို့ရောက်ခဲ့ချိန်၌ ကျွန်းတွင်ရှိသောအသင်းသားများမှ စဉ်းစားခဲ့ကြသည်။ ထိုကျွန်းပေါ်တွင်အီဇီကရဲနှင့် မိုးဇက်သည်ပထမဆုံးသတ္တမနေ့ အသင်းသားများဖြစ်၍နောက်ထပ်ငါးဦးသည်ထိုသူနှစ်ဦးမှသခင်ခရစ်တော်ထံပို့ ဆောင်ပေးသောသူများဖြစ်ကြသည်။ ထိုအသင်းသား ၇ဦးမှ ဆက်လက်၍သူတို့၏ ယုံကြည်ချက်များကိုအခြားသူတို့အားဆက်၍ဝေငှကြသည်။

အီဗရာဟင်သည်ကျွန်းပေါ်သို့ရောက်ရှိ၍တစ်လကြာပြီးနောက်တွင် လူ ၉ဦး ကိုနှစ်ခြင်းပေးခဲ့သည်။ တစ်ဦးသည် သတ္တမနေ့ဆေးခန်းတွင် တာဝန်ထမ်းဆောင် လျက်ရှိသည်။

အခြားသောဆေးခန်းဝန်ထမ်းတစ်ဦးဖြစ်သောဓါတ်ခွဲခန်းဝန်ထမ်း၏ဖခင် သည်လည်းအီဗရာဟင်အားဖြင့် အသင်းတော်သို့ဆက်သွယ်လာသည်။ထိုဖခင်သည် အီဗရာဟင်ကိုသူ၏အသင်းတော်သို့လာရောက်တရားဟောရန်ဖိတ်ခေါ် ခဲ့ဘူးသည်။ အီဗရာဟင်သည်သတ္တမနေ့ ဥပုသ်နေ့အကြောင်းတရားဟောပြီးသောအခါထိုတရား ဟောဆရာနှင့်မိသားစုသည်နှစ်ခြင်းခံယူခဲ့ကြသည်။

အီဗရာဟင်၏ကလေးနှစ်ဦးသည် ကျောင်း၌ အခြားကလေးများ၏အနိုင် ကျင့်မှုကိုခံရ၍ထိုနေ့ရက်များတွင် အီဗရာဟင် အတွက်ခက်ခဲသောနေ့များဖြစ်သော ကြောင့်သူ၏၁၀နှစ်နှင့်၁၅ နှစ်ကလေးများ စိတ်ဓါတ်ကျခြင်း၊အားလလျော့ခြင်းများ မရှိစေရန်ဘုရားသခင်ထံဆုတောင်းခဲ့သည်။

ထိုဆုတောင်းချက်ကိုဘုရားသခင်နားညောင်းခဲ့သည်။ အီဗရာဟင်၌သားသ မီးငါးယောက်နှင့်နောက်တိုးတစ်ယောက်ရရှိခဲ့သည်။ ထိုသားသမီးများအားလုံးသစ္စာ ရှိသောသတ္တမနေ့အသင်းသားဖြစ်ကြ၍၊ သားတစ်ဦးသည်အသင်းအုပ်ဖြစ်၍သမီး ၁ ဦးသည်တရားဟောဆရာ၏ ဇနီးသည်ဖြစ်ခဲ့သည်။

အန္တရာယ်များသည်စောင့်ကြိုလျက်ရှိသည်။ လူသိများသောအခမ်းအနားပွဲ တစ်ခုသို့ အီဗရာဟင်ကိုမတက်ရောက်ရန်အာဏာပိုင်များက တားမြစ်ကြသည်။

“ခင်ဗျားကိုတစ်စုံတစ်ယောက်ကမကောင်းတာတစ်ခုခုလုပ်ဖို့ရှိတယ်”“ဒါကြောင့်အဲဒီပွဲကိုမသွားပါနဲ့” လို့ ရဲအရာရှိကတားမြစ်သည်။ ခရစ်ယာန်မဟုတ်သောအခြားမိတ်ဆွေမှလည်း ထိုတွေ့ဆုံပွဲသို့မသွားရန် တားမြစ်သည်။ “မင်းကိုရိုက်နှက်လိမ့်မယ်” “အဲဒီကိုမသွားပါနဲ့” လို့ပြောခဲ့သည်။

အချို့ကျွန်းသားများသည်ရန်လိုတတ်ကြသည်။“မင်းဒီမှာနေရင်မင်းကိုသတ်လိမ့်မယ်။ မင်းကိုသတ်ရင် ကောင်းကင်နိုင်ငံတန်းရောက်မှာ၊ ငါတို့ကျွန်းမှာရှိတဲ့လူတွေကို ဘာသာရေးမှိုင်းတိုက်တဲ့လူကို သတ်ပစ်လိုက်လို့လေ” လို့ခြိမ်းခြောက်ကြပါသည်။

အီဗရာဟင်သည်အန္တရာယ်အမျိုးမျိုးမှလွတ်မြောက်ခဲ့သည်။ ငှားရမ်းထားသောဘောလုံးကွင်း၌ဥပုသ်နေ့တိုင်းဘုရားရှိခိုးလျက်ရှိသည်။ဘုရားရှိခိုးနိုင်ရန်ဘုရားကျောင်းတစ်ဆောင်ဆောက်လုပ်နိုင်ရန် အီဗရာဟင်နှင့်ဆရာဝန်တို့မှ ကျွန်းရှိအစိုးရအရာရှိများနှင့်သွားရောက်တွေ့ဆုံကြသည်။

“ကျွန်တော်တို့ရဲ့ဆေးခန်းမှာသတ္တမနေ့အသင်းသားအမှုထမ်းတွေရှိပါတယ်။ ကျွန်တော်တို့မှာဘုရားဝတ်ပြုစရာနေရာမရှိတဲ့အတွက် မြေနေရာလေးတစ်ခုပေးနိုင်မလား၊ ဘုရားကျောင်းဆောင်တည်ဆောက်ချင်ပါတယ်” လို့အီဗရာဟင်မှ ကျွန်းအာဏာပိုင်များကိုပြောဆိုခဲ့သည်။

ဘုရားကျောင်းဆောက်လုပ်ရန်သတ္တမနေ့အသင်းတော်သို့မြေနေရာချပေးခဲ့သည်။ အစိုးရမှလွယ်ကူစွာဆောင်ရွက်ပေးခြင်းသည် လူနာများကိုကောင်းစွာကုသမှုပြုကြောင်းလူသိများသောကြောင့်ဖြစ်သည်ကိုအီဗရာဟင်တွေ့ရှိရသည်။

ဆေးကုခန်းကိုဘုရားသခင်ကောင်းကြီးပေးသောကြောင့်ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။

၁၉၉၅ ခုနှစ်တွင်ဖွင့်လှစ်သောသတ္တမနေ့အသင်းတော်၏ပထမဆုံးသောဘုရားကျောင်းဖွင့်ပွဲအခမ်းအနားသို့သတ္တမနေ့အသင်းတော်၏ကမ္ဘာ့ဌာနချုပ်၏ဥက္ကဋ္ဌကြီးရောဘတ်အက်(စ)ဖော့ကင်းဘတ်မှတက်ရောက်ခဲ့သည်။

နောက်တစ်နှစ်တွင်အီဗရာဟင်မှကျွန်းပေါ်တွင်အမှုဆောင်တာဝန်ရပ်နား၍ပြည်မကြီးရှိရာတန်ဇန်းနီးယားနိုင်ငံတွင်ပြန်လည်အမှုဆောင်ရန်ထွက်ခွာလာခဲ့သည်။ သူကျွန်းပေါ်သို့စတင်ရောက်ခဲ့စဉ်က သတ္တမနေ့အသင်းသား၇ဦး သာရှိသော်လည်းသူပြန်လည်ထွက်ခွာချိန်၌ ၁၆၀ ရှိလာသည်။ ယနေ့တွင်အသင်းသား ၁၀၀၀ ထက်များသော သတ္တမနေ့အသင်းသားများ ဇမ်ဇီဘာကျွန်းပေါ်တွင် နေထိုင်လျက်ရှိပါသည်။

အသက်၇၁နှစ်ရှိပြီဖြစ်သောအီဗရာဟင်သည်တရားဟောလျက်ရှိ၍ထောင်တွင်းသာသနာပြုအဖွဲ့တွင်ပါဝင်လျက်ရှိသည်။ ထိုကျွန်းပေါ်သို့ မကြာခဏသူပြန်လည်ပတ်မှုပြု၍လွန်ခဲ့သောသုံးနှစ်တွင်ဆရားဟောပွဲပြုလုပ်ရာ၌လည်းပါဝင်ခဲ့ပါသည်။

ဇမ်ဇီဘာသို့စေလွှတ်သောဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ယနေ့တိုင်လူနာများကိုဆက်လက်၍ကုသမှုပေးလျက်ရှိသောဆေးခန်းကိုလည်းကျေးဇူးတင်ပါသည်။

ဇမ်ဇီဘာကျွန်းရှိသတ္တမနေ့အသင်းတော်၏ဆေးခန်းသည်နှစ်ပေါင်း၄၀တိုင်လူသားအကျိုးပြုခဲ့ပြီးဖြစ်သည်။အဆောက်အဦးနှစ်ဆောင်သည်အိုဟောင်းလာသောကြောင့်အသစ်ပြုပြင်၍အစားထိုးရန်လိုအပ်လာပြီဖြစ်သည်။အလှူငွေထည့်ခြင်းဖြင့် ထိုဆေးခန်း၏သမိုင်းကြောင်း အစိတ်အပိုင်းတွင်သင်လည်း ပါဝင်နိုင်ပါသည်။ သင်၏အလှူငွေသည် အာဖရိက၏ အရှေ့အလယ်ပိုင်းဒီဝီဇံအတွင်းရှိ စီမံကိန်းလေးခုအားကူညီမစမည်ဖြစ်သည်။ ဘူရမ်ဒီ၌ရှိသောဆေးခန်း၊ကွန်ဂိုရှိလူကန်

ကာသူနာပြုတက္ကသိုလ်၊ ကန်ညာရှိမူလတန်းကျောင်းနှင့် ကွန်ဂိုရှိ ဆေးကုသဆောင်များအတွက်အသုံးပြုသွားမည်ဖြစ်ကြောင်းသတင်းကောင်းပါးလိုက်ပါသည်။

-ဝ-

"